

## ငုံး (၁)

ချုံကလေးကား လှုပ်နေသည် ။

ဦးဘမေး၏ မေးစင်းသော မျက်ပေတုံးကို လာနှောင့်ယှက်နေ၏။ အရွယ်က သစ်ရွက်လှုပ်တာမြင်ရင်တောင် ကော်ဆဲချင်တဲ့ အရွယ်ကိုး။

ဒီမြို့ကိုပြောင်း၊ ဒီခြံကို ဝယ်ပြီးကတည်းက တစ်ချုံပြီးတစ်ချုံရှင်းရှင်းလာတာ ယခု ဒီချုံကြီးတစ်ချုံသာ ကျန်ရစ်တော့သည် ။ ချုံကြီးကလည်း ဟီးထနေ၍ ဦးဘမေးတစ်ယောက်တည်း မရှင်းနိုင်သေး။

ဩော် ဘဝကလည်း အဖေတစ်ခု သမီးတစ်ခုကိုး။

အရွယ်ရောက် သမီးကလေးကိုလည်း မခိုင်းချင်၊ မခိုင်းရက်။

တခြားသူခေါ်ရှင်းဖို့ ကျတော့လည်း သမီးအတွက် ရတက်ကမအေး။ ထို့ကြောင့် မျက်စိနောက်နေသော ချုံကြီးကို မျက်စိအနောက်ခံ၍ မျက်ပေတုံးကို မချီ၊ လှုကို ကွနေအောင် ဆောင့်ကြောင့်ထိုင်ရင်း ကြည့်နေရခြင်းသာ။

ဘဝကလည်း ဒီမြို့ပြောင်းကတည်းက ဘာအလုပ်မှ မယ်မယ်ရရ မလုပ်ရသေး။ ရွာက စုဆောင်းလိုက်သမျှလေးကို ထုခွဲစားသောက်နေရခြင်းမျှသာ၊ ရေရှည်တော့ လွယ်လှမည် မဟုတ်။

ရွာမှာ တုန်းကတော့ အဆင်ပြေပါရဲ့ ။ သို့ပေမဲ့ ကံကြမ္မာက မျက်နှာ

သာမပေးလေတော့ ရွာပြောင်းပြေးခဲ့ရလေပြီ။

ထိုနေ့ကို မှတ်မိသေးသည် ။ မေးစင်းသော ဦးဘမေး၏ မျက်ဝန်းထဲ အကွက်သေးသေးလေး မြင်ယောင်မိသေး၏။

ထိုနေ့က ဝါဆိုလပြည့်နေ့ဖြစ်သည် ။

*

"လောကမှာ လူတိုင်းက စေတနာထားတယ်၊ အလှူဒါနပြုကြတယ် လို့ ဂုဏ်ယူတတ်ကြတယ်၊ ဒါမျိုးတွေ ပါးစပ်ကပြောနေရုံနဲ့ ပြီးမလားကွယ့်"

"မပြီးပါဘူး ဘုရား"

"ဒါဖြင့် ဘာလုပ်ရမှာ တုန်း"

"ကိုယ်တိုင်ကျင့်ကြံရမှာ ပါ ဘုရား"

ရွာကျောင်းဆရာတော်၏ တရားဒေသနာသံ။ ဘုန်းကြီးကျောင်းရောက်ခဲလှသော ဦးဘမေး ငိုက်မျဉ်းနေရာမှ တရားနာများ အော်သံကြောင့် လန့်လန့်သွားရသည် ။ သူ့ခမျာ မိန်းမမအာကျယ် ရွာက နှင်လွှတ်ခံရပြီး ကတည်းက ဘုန်းကြီးကျောင်း တရားမနာတာကြာမို့ တရားသံကြားသည် နှင့် ငိုက်မျဉ်းချင်နေသည် ။

"အဲဒီလို ကိုယ်တိုင်ကျင့်ကြံနိုင်ဖို့ ဘာလိုသလဲဟေ့"

"လူမှုပတ်ဝန်းကျင်လည်း လိုပါတယ်ဘုရား"

"လူမှုပတ်ဝန်းကျင်ရှိရင် မေတ္တာတရားလည်း ရှိရမယ်၊ လူအချင်းချင်း မေတ္တာထား နိုင်မှ လူမှုဝန်းကျင်လည်း မစိုပြည်နိုင်ဘူးလား"

"စိုပြည်နိုင်ပါတယ် ဘုရား"

တရားကား အရှိန်တက်နေပြီ။ လူအများကလည်း ကိုယ်တော်ရဲ့ စကားကို သဘောပေါက်နေလေပြီ။ ဦးဘမေ့းက ကြားတစ်ချက် မကြားတစ်ချက်နဲ့ ငိုက်နေတုန်း။

"ကဲ.....အဲဒီတော့ လောကမှာ ဘယ်အရာ အမြတ်ဆုံးလဲဟေ့"

ဆရာတော်ရဲ့ စကားကို ငိုက်မျဉ်းနေသော ဦးဘမေ့း ခေါင်းထောင်သွားပြီး..........

"အရက်ရောင်းတာ အမြတ်ဆုံးပါဘုရား"

"ဟယ်"

သူ့စကားကြောင့် အားလုံးထံမှ အာမေဋိတ်သံများ ထွက်သွားကြသည် ။ မထွက်ခံနိုင်ရိုးလား။ ဆရာတော်ပြောနေတာက မေတ္တာတရားသာ အမြတ်ဆုံးအကြောင်းဆိုတာကိုး။ ဒါကို ဦးဘမေ့းက အူကြောင်ကြောင်နှင့် လိုက်လံဝေ့ကြည့်ရင်း .....

"ဟုတ်တယ်လေ၊ အရက်မူးနေတဲ့ သူတွေဆို ရေထိုးရောင်းရင် ပိုတောင်မြတ်သေး"

သူ့အဖြေဆုံးသည် နှင့် ဆရာတော်မှ ထ လာပြီး...

"လွှားထဲမှ "

ဆိုကာ သင်းပိုင်ကိုမပြီး ...

"မင်းလားကွ၊ အရက်ရောင်းတာ အမြတ်ဆုံးဆိုတာ"

"ဟာ"

ဦးဘမေ့း၏ မေ့းစင်းသော မျက်ပေတုံးထဲ ပြေးဝင်လာသော ဆရာတော့် ခြေဖဝါး။

“ဝုန်း”

“အင့်”

ဆရာတော်၏ ကြီးမားသော မေတ္တာတရားက ဦးဘမေး၏ ကျောပေါ်လာကျသည် ။ ပြီးနောက် ဆရာတော်၏ မေတ္တာတရားသံကား

“ဒီကောင့်ကို ဒီရွာမှာ ငါမမြင်ချင်ဘူး၊ အခုချက်ချင်း ရွာပြင် မောင်း ထုတ်လိုက်စမ်း”

*

ပါရမီဖြည့်ဖက်သာ ဖြစ်သည် ။ ငါ၏ သီလကို ပိုစင်ကြယ်စေသော ငါ၏ တရားများကို ပိုမိုလေးနက်စေသော ငါ၏ ရဟန်းများကို ပိုမိုကြည် ညိုစေခဲ့သော ပါရမီဖြည့်ဖက်သာ ဖြစ်သည် တဲ့ ၊ ကဲ

“ဒေဝဒတ်လို ပါရမီဖြည့်ဖက်မျိုး ဖြစ်နေရင် ဘယ့်နှယ့်လုပ်မှာ လဲ။ ကိုယ်က ဘုရားခြေဖဝါးအောက်က မြူမှုံထက် ဆယ်ကမ္ဘာလောက် ဝေး တဲ့ သူ”

လက်ဖက်ရည်ဆိုင်က တရားဝိုင်းဖြစ်သည် ။ ဦးဘမေးခမျာ သူတို့ ပြောသမျှ တစ်လုံးမှ နားမလည်သော်ငြား ခပ်တည်တည်နှင့် ခေါင်းညိတ်ခေါင်းခါ လုပ်နေသည် ။

အဓိကအကြောင်းအရာက တရားဆွေးနွေးနေခြင်းမဟုတ်။ ဘုရားဒါယိကာ ဦးကြာညို့ ယခင်မိန်းမဆုံးလို့ နောက်မိန်းမယူရန် ပြင်ဆင်ရာမှ တရားဖက်လှည့်လာခြင်းပင် ဖြစ်လေသည် ။

ဦးဘမေးကတော့ ရွာကျောင်း ဆရာတော်သော်မှ ရွာကနှင်လွှတ်ထားသူဖြစ်၍ တစ်လုံးတစ်ပါဒမှ ဝင်မဆွေးနွေး။ သိချင်ယောင်ဆောင်၍ ခေါင်းညိတ်နေခြင်းမျှသာ။

“ဦးဘမှေးကရော ဘာများ ဆွေးနွေးချင်လဲ”

ရုတ်တရက်မေးလိုက်သော ဘုရားဂေါပက ဦးတင်ဥ၏ အမေးကြောင့် ဦးဘမှေး ပျာပျာသလဲ ဖြစ်သွား၏။ နောက်မှ ရှက်ကိုးရှက်ကန်းနှင့်

“အဲ ပါရမီ ယာဉ်လိုင်းအကြောင်းတော့ ကျွန်တော် သိပ်မသိဘူး၊ လမ်းပေါ်မှာ တော့ ပါရမီတွေ အများကြီးတွေ့တာပဲ၊ ဘယ်သူက ပါရမီရှင်လည်း တော့ မပြောတတ်ဘူးပေါ့နော်။ အဲ ... အဲ ပါရမီ ဆယ်ပြား လက်ကိုင်ထားတော့ အကြွေအမ်းဖို့ လွယ်တာပေါ့။ ကဲ ကဲ ကျွန်တော်သွားဦးမယ်”

ဆိုကာ ထထွက်လာခဲ့လေသည် ။ အားလုံးက သူ့နောက်ကျောကိုငေးကြည့်နေကြမှာ သေချာ၏။

လမ်းရောက်မှ တွေးရင်းတွေးရင်းနှင့်

“အင်း ... မြို့ပေါ်မှာ လူရာဝင်ဝင် စကားပြောနိုင်အောင် ပါရမီဂိတ်ဝင်းလေးတော့ စုံစမ်းထားဦးမှ ”

*

ဘုရားအကြောင်း၊ တရားအကြောင်း တစ်လုံးမှ နားမလည်၍ ဘယ်နေရာမှ လူရာမဝင်ကြောင်းသိသည် ။ ထို့ကြောင့် ခေါင်းငိုက်ချ၍ သာ အိမ်သို့ ပြန်လာရလေသည် ။

သူ့ခများလည်း အကုသိုလ်အလုပ်နှင့်သာ အကျိုးပေး၍ ထိုကိစ္စများ မေ့နေသည် မှာ ကြာပြီပဲ။

အိမ်ဝင်းထဲဝင်သည် နှင့် အိမ်နောက်ဖေးက ခုတ်ထွင်မထားသော ချုံကြီးလှုပ်သွားတာ မြင်တော့ ဦးဘမှေး ခြေလှမ်းများ တန့်သွားသည် ။

“ဟာ”

ချုံထဲမှ တစ်ဦးတည်းသောသမီး ဆလူး ကုပ်ချောင်းချောင်းနှင့် ပြေးထွက်လာသည် ကို မြင်ရ၏။ လက်ထဲမှာ လည်း တစ်ခုခုဆုပ်လို့ ။

“ဆလူး”

“ဟင် … ဖေ… ရှင် …. ဖေမေ့း”

သူ့ကိုမြင်တော့ သမီးဖြစ်သူ၏ ခြေလှမ်း ကယောင်ကတမ်းနှင့် ရပ်သွား၏။ ဦးဘမေ့း မျက်မှောင်ကြုတ်ပြီး

“ချုံထဲ ဘာဝင်လုပ်တာလဲ”

သူ့အမေးကို ဆလူးက ရှက်ကိုးရှက်ကန်းနှင့် နားသယ်စက ဆံပင်ကို သပ်ပြီး

“ဟို …. ဟိုလေ ငုံး … ငုံးဝင်ဖမ်းတာ”

“ငုံးဝင်ဖမ်းတာ”

ဦးဘမေ့း၏ နေကြာစေ့ခွံလောက်ရှိသော မျက်ဝန်း သီဟိုစေ့လောက် ကျယ်သွား၏။ ဒါကို ဆလူးက လက်ထဲဆုပ်ထားသည် ကို ပြရင်း

“ဟုတ်တယ်လေ ဖေမေ့းရဲ့ ၊ ဒီမှာ ကြည့်ပါလား ငုံးကလေး”

“မှန်း”

ဟုတ်ပါသည် ။ သမီးဆလူးလက်ထဲမှာ ဆူဖြိုးနေသော ငုံးကလေး။ မျက်လုံးကလယ် ကလယ်နှင့်။

ငုံးကိုမြင်တော့ ဦးဘမေ့း သွားရည်များ ပင် ကျလာ၏။ သူ့မျက်စိထဲတွင် လည်း ကားရားရားငုံးကြော်ကို မြင်ယောင်မိ၏။ မစားရခင်မှာ တင် တဖျောက်ဖျောက်နှင့် ဆွေမျိုးတချို့ ပျောက်ကုန်သည် ။

“အေး အေး သမီး နင့် ... နင့် နာမည် ဘာ”

“ဆလူးလေ ဖေဖေရဲ့ ၊ ဆတ်စလူးလေ၊ ဘာကြောင်နေတာလဲ”

သူ့သမီးစကားကို ဦးဘမှေး ကတုန်ကယင်နှင့်

“အေး အေး ငါလည်း ငုံးမြင်တာနဲ့ ဆွေမျိုးက မေ့ချင်ချင် ဖြစ်ဖြစ်သွားတာ၊ အဲ ... အဲ ဒီကောင်သွားကြော်ထားနှင့်၊ ကျန်တဲ့ ကောင် ငါဝင်ဖမ်းဦးမယ်”

သူ့စကားလည်း ကြားရော သမီးဆလူး အဖေ့အမွှေပေမှေးပြူးကာ အမေ့အမွှေ အာကျယ်ကြီးပြဲတက် လာပြီး။

“ဟာ မသွားနဲ့ ၊ မသွားနဲ့ ဖေမှေး”

“ဟေ ဘာဖြစ်လို့ လဲ”

ခါးတောင်းကျိုက်တစ်ဝက်နှင့် ဦးဘမှေး ပြန်မေးသည် ။ ဒါကို ဆလူးက

“အို အဖေကလည်း သမီးခုန တစ်ကောင်ဝင်ဖမ်းတော့ ကျန်တဲ့ ကောင်တွေက ပြေးပြီလေ၊ နောက်ပြီး ငုံးက ဒီအချိန်မထွက်တော့ဘူး၊ တစ်နာရီနဲ့ နှစ်နာရီကြားပဲ ထွက်တာ”

“ဟေ အဲလို”

“ဟုတ်တယ် ဖေမှေးရဲ့ ”

ငုံးတောင်မှ အချိန်စာရင်းအတိအကျနှင့်ထွက်သည် မို့ ဦးဘမှေး အံ့အားသင့်သွားသည် ။

“လာပါ ဖေမှေးရဲ့ ၊ တစ်နေ့ကို ရွှေဥတစ်လုံးပေးနေတဲ့ ငုံးကို။ အဲလေ ငန်းကို အများကြီးလိုချင်ပြီး မသတ်ပါနဲ့ ”

ဟုတ်သား။

ပုံပြင်ထဲက တစ်နေ့ကို ရွှေဥတစ်လုံးဥဥနေသော ငန်းကိုသတ်မိ၍ ဘဝပျက်ရရှာသူ အကြောင်းခေါင်းထဲရောက်လာ၏။

"အေးလေ၊ တစ်နေ့တစ်ကောင် ရပြီပဲ၊ နောက်နေ့မှ ငါကိုယ်တိုင်"

ဦးဘမွေး စိတ်ထဲတေးမှတ်ထားလိုက်သည် ။ သိပ်မကြာပါ။ ငုံးကြော်နံ့က နှာခေါင်းထဲတိုးဝင်လာ၍ သူ့မိန်းမနာမည်ပင် မေ့သွားသည် ။ နောက် ခလုတ်တိုက်မတတ် အိမ်ပေါ်ပြေးတက်မိသည် ။

*

ဦးဘမွေး တိုင်ကပ်နာရီကို လှမ်းကြည့်လိုက်သည် ။ တစ်နာရီထိုးရန် ဆယ့်ငါးမိနစ်အလို။ ခါတိုင်းဆိုလျှင် ဒီအချိန်ဆို မိုးကြီးလက်ဖက်ရည်ဆိုင်သွားပြီး တရားအကြောင်း ဆွေးနွေးချင်ယောင်ဆောင်၍ အချိန်ဖြုန်းနေကြကိုး။ သို့ပေမယ့် ဤနေ့တွင် တော့ လက်ဖက်ရည်ဆိုင်သွားပြီး အချိန်ဖြုန်းချင်စိတ်မရှိ။ သူ့စိတ်ထဲ စိုးမိုးနေသည် က ငုံး။ သူ့ကို ဆွေမျိုးမေ့စေခဲ့သော ငုံး။ မိန်းမအာကျယ်ကို ရုပ်ပင်မမှတ်မိစေသောငုံး။ ထိုကဲ့သို့ နှစ်သက်ရပါသော ငုံးကို ကိုယ်တိုင်ဖမ်းချင်နေခြင်းပင်။

နာရီထပ်ကြည့်လိုက်သည် ။ တစ်နာရီက မထိုးသေး။ သမီးဆလူး၏ စကားအတိုင်း

"တစ်နာရီမှ ငုံးကထွက်တာ အဖေရ"

ဆိုသောကြောင့် တစ်နာရီပြည့်အောင် စောင့်နေရခြင်းဖြစ်သည် ။ အမှန်တော့ စောင့်မျှော်ခိုင်းသည့်အချိန်ကို ပိုကြန့်ကြာစေသယောင် ထင်ရသည် ။ အာကျယ်မနှင့် သမီးရည်းစားဖြစ်စ ရွာထိပ်ကရေကန်ကြီးမှာ စောင့်ရတုန်းက ခံစားမှုကို ပြန်ခံစားနေမိသလို။

နာရီကို ငေ့ကြည့်လိုက်သည် ။ တစ်နာရီကမထိုးသေး။ ဖင်ပါ တကြွကြွ ဖြစ်လာသည် ။ သမီးငယ်ဆလူးက နေ့ခင်းကြောင်တောင် အခန်းထဲ အလှပြင်နေသည် ကို ရိပ်ရိပ်မျှတွေ့ရသည် ။ ဦးဘမေးက မနေနိုင်တော့

“ဟယ် တစ်နာရီမထိုးလည်း ဘာဖြစ်လဲ၊ ငုံးမှာ လက်ပတ်နာရီရှိတာမှ မဟုတ်တာ၊ သူ့ဘာသာသူ စောထွက်ချင်ထွက်မှာ ပေါ့”

ဆိုကာ ထိုင်ရာမှ ထပြီး ချုံကြီးရှိရာသို့ ကုပ်ချောင်းချောင်းနှင့် ခြေဖွပြေးသွား လိုက်သည် ။

ချုံကြီးဆီရောက်တော့ ချောင်းကြည့်လိုက်သည် ။ သစ်ရွက်သစ်ခက်များ ပိန်းပိတ်နေသည် မို့ အထဲကိုမမြင်ရ။ ငုံးမပြောနှင့် ငုံးထက်ကြီးသော အကောင်ပင် မြင်ရမည်မဟုတ်။

“အေး ဆလူး ဘယ်ကအထဲဝင်ပါလိမ့်”

ချုံကြီးကို လှည့်ပတ်ရှာလိုက်သည် ။

“ဟော”

တစ်နေရာတွင် လူတစ်ယောက်လေးဖက်ထောက်ဝင်စာနေရာ တစ်ခုကို တွေ့ရသည် ။ အပေါက်က ခွေးတိုးပေါက်သာသာ။

ဦးဘမေး ဘေးဘီဝေ့ကြည့်လိုက်သည် ။ တစ်ယောက်ယောက်က သူ့ကိုကြည့်နေမှာ ကိုလည်း ရှက်မိသေးသည် ။ မကြီးမငယ်နှင့် ချုံထဲ လေးဖက်ထောက်ဝင်ရမှာ ကိုး။

အပေါက်ထဲချောင်းကြည့်သေးသည် ။ ချုံကြီးက ပိန်းပိတ်နေသည် မို့ အထဲက မှောင်နေ၏။ ဘာဆိုဘာမှ မြင်ရ။

“ဆလူး ငုံးကို ဘယ်လိုဖမ်းပါလိမ့်”

ရေရှတ်ရင်း ဦးဘမေး ဘေးဘီဝှေ့ကြည့်လိုက်သည် ။ ဘာအရိပ်အယောင်မှ မမြင်ရ။ သို့သော် တစ်ယောက်ယောက်တွေ့သွားမှာ လည်း စိုးရိမ်သေး၏။ ခေါင်းနှင့်ဝင်လျှင် ဖြတ်သွားဖြတ်လာ မြင်ကြမည်စိုး၍ ဖင်နှင့်စဝင်ရန် ဆုံးဖြတ်လိုက်သည် ။

ဒီအသက်ဒီအရွယ်ကြီးမှ ချုံထဲ ခွေးတိုးပေါက်က ဝင်ရမှာ မို့ ရှက်လည်း ရှက်ချင်ချင်။ အလွန်နှစ်သက်သော ငုံးကိုလည်း ဖမ်းချင်သမို့ ဟိုကြည့်ဒီကြည့်နှင့် လေးဖက်ထောက် အနောက်ဆုတ်ကာ ချုံထဲ တွားဝင်လိုက်သည် ။ခန္ဓာကိုယ် တစ်ဝက်မျှ ချုံထဲရောက်သည် နှင့်

“ဖုန်း.... ဖုန်း”

“ဖတ် ဖတ် ဖတ်”

“အောင်မလေးဗျ၊ ဘာကြီးလဲဟ”

“ကကျစ်”

“ဟင် .... ဟင် ဘာဖြစ်တာလဲ”

“ကကျစ်.... ကကျစ်”

“အောင်မလေး ညှစ်တယ်ဗျ၊ ညှစ်တယ်”

“ဖုန်း ... ဖုန်း”

ထင်မှတ်မထားသော အခြေအနေကြောင့် ဦးဘမေး လန့်အော်မိသည် ။ ရုတ်တရက်ဘာဖြစ်လို့ ဖြစ်သည် မသိ။

“ဟာ”

“အား .... ရိုက်တယ် ရိုက်တယ်”

"ဖုန်း "

"အား"

အနောက်က ကန်ထုတ်လိုက်သလို ဖြစ်၍ ဦးဘမေး ချုံပြင်သို့ ဝမ်းလျားမှောက်ကြီး ပြန်ကျလာသည် ။

"ဟင် ဟင် ဘာ ဘာကောင်ကြီးပါလိမ့်"

သူ့တင်ပါး သူပြန်စမ်းကြည့်သည် ။ ပြောင်နေသော ခေါင်းမှ ရှိစုမဲ့စု ဆံပင်များ ပင် ဖရိုဖရဲဖြစ်နေသည် ။ အင်္ကျီတွေလည်း တွန့်ကြေလို့ ။ ဦးဘမေး ဒူးနှစ်ဖက်ကို ရှေ့ထိ၍ ခြေနှစ်ဖက်ကို ခွင်ကာ နှစ်လုံးမြေကျထိုင်နေရာမှ ကိုယ့်ရှိစုမဲ့စုများကို အုပ်ကိုင်ပြီး ချုံကလေးထဲ မရဲတရဲ ပြန်ကြည့်သည် ။ ချုံထဲ မှောင်မည်းနေသည် မို့ ဘာမှ မမြင်ရ။

"ဘာ ဘာဖြစ်တာလဲဟင်၊ ဘာဖြစ်တာလဲ၊ အထဲမှာ ဘာကောင်ကြီးလဲ"

သူ့ဘာသာသူ ရေရွတ်နေမိသည် ။ အဖြစ်အပျက်က မြန်ဆန်လွန်းလှ၍ သူကိုယ်တိုင် ရုတ်တရက် ဘာဖြစ်မှန်းမသိ။ စိတ်ထဲတွင် တော့ ရုပ်ရှင်များ ထဲကလို ခရေပွင့်ကို တက်နင်းသွားသော ဖိနပ်တစ်ရံကို ပြေးမြင်ယောင်မိသည် ။

"ခရေတစ်ပွင့် ကြွေလွင့်ခြင်းလား"

မျက်ရည်ပါ ဝိုင်းချင်သွားသည် ။

"အဖေမေး ... အဖေမေး ဘာဖြစ်တာလဲ"

အလန့်တကြားပြေးလာသော သမီးဆလူး။

သမီး၏ အမေးကို ဦးဘမေး ကျီးကြည့်ကြောင်ကြည့်နှင့် ချုံထဲ လက်

ညှိုးထိုးကာ

"အထဲမှာ အထဲမှာ ဘာကောင်ကြီးလဲမသိဘူး၊ အား ကျွတ် ကျွတ်"

သူ့စကားကို သမီးဆလူး အနေရအထိုင်ရ ခက်သွားပုံ။ နောက်မှ ခေါင်းကုတ်ပြီး

"ဩော် ဖေမေ့းကလည်း ငုံးခွပ်တာနေမှာ ပေါ့"

"ငုံးခွပ်တာ"

ဦးဘမေ့း၏ နေကြာစေ့ခွံက ဗာဒါစေ့လောက်ဖြစ်သွားသည် ။

"ဟင် ငုံးခွပ်တာက တယ်ကြမ်းပါလား၊ နောက်ပြီး ငုံးအတက်က အဲလောက် ရှိပ့ါမလား"

ဦးဘမေ့း သူကိုယ်တိုင်မမြင်လိုက်၍ ဇဝေဇဝါဖြစ်နေသည် ။ ဒါကို သမီးဆလူးက

"ဟုတ်မှာ ပါ၊ ဒီချုံထဲက ငုံးတွေက အခွပ်သိပ်ကြမ်းတာ၊ အဖေမေ့းက အထာမသိပဲ ဝင်သွားတော့ အခွပ်ခံရတာပေ့ါ၊ ဒါနဲ့ ဖေမေ့းက ချုံထဲ ဘယ်လိုဝင်လို့ လဲ"

"နောက်ဆုတ်ဝင်တာလေ"

"သွားပြီ"

"ဘာ"

"ဟာ ဘာ ... ဘာမှ မဟုတ်ပါဘူး။ ဒီချုံထဲကငုံးက အဲလိုပဲ ခေါင်းနဲ့ ဝင်ပြီး မျက်စိရှင်ရှင်ထားမှ ရတာ"

"အဲလို"

"အဲလိုပါဆိုနေ"

ဦးဘမှေး သူ့ကိုယ်သူ ပြန်စမ်းကြည့်သည် ။ စက္ကန့်ပိုင်းအတွင်း သူ့ခန္ဓာကိုယ်အနှံ့ ခြေဖျားကခေါင်းအထိ နေရာလပ်မကျန်အောင် ခွပ်သွားသော ငုံးထီး၏ စွမ်းပကားကိုလည်း အံ့အားသင့်သွားသည် ။

"ငုံးကလည်း ချက်ကောင်းချည်း ခုန်ခွပ်သွားတာပဲ၊ အဟင့်"

မျက်စိထဲမှာ မက်ထရစ်ဇာတ်ကားထဲကလို ငုံးက စလိုးမိုးရှင်းနှင့် ပျံသန်း လာပြီး အနားရောက်မှ အမြန်ရစ်ပြလိုက်သလို တဖုန်းဖုန်းနှင့် ခွပ်ချက်များ မြင်ယောင်မိ၏။ ပြန်စဉ်းစားရင်း စိတ်ထဲမှာ တင်းသွားသည် ။ နောက်သူ့ကို လူပျိုရည်ပျက်တတ်မျှ ချက်ကောင်းချည်း ခွပ်သွားသော ငုံးကို လက်စားချေချင်စိတ်များ တဖွားဖွားပေါ်ပြီး

"တောက် ဒီလောက်ဖြစ်လှတဲ့ ငုံး၊ ငါကိုယ်တိုင်ဖမ်းပြီး ကြော်စားပစ်မယ်၊ လာလေ့"

ဆိုကာ ချုံထဲ ခေါင်းနှင့် တိုးဝင်ဖို့ အပြင် သမီးဆလူးက သူ့ကို ခါးမှ လာပြေးဆွဲပြီး

"ဟိုးထား အဖေ၊ ဟိုးထား ဟိုးထား"

"ဘာ ... ဘာဖြစ်လို့ လဲ၊ လက်စားချေမယ်လေ"

သမီးဆလူးက သူ့ခါးကိုအတင်းဆွဲရင်း

"နေဦး အဖေ၊ အဖေလက်စားချေဖို့ ဒီငုံးကို သမီးဖမ်းပေးမှ ဖြစ်မှာ "

"ဟေ ဘာလို့ "

"ဟို ... ဟိုလေ ငုံးက သိပ်စိတ်ဆိုးနေလောက်ပြီ၊ အဖေ့မျက်နှာမြင်ရင် သူပိုခွပ်မှာ "

"ဟေ"

ဦးဘမှေး၏ ပေမှေးနှစ်စေ့ ခုန်ခုန်တက်လာ၏။

"ဒါကြောင့် ဒီငုံးကို ဖမ်းနေကျ သမီးပဲ ဝင်ဖမ်းပေးမယ်၊ ဖေမှေး ခပ်ဝေးဝေးကပဲ စောင့်နေ"

"ဟင် ဒီနားကပဲ စောင့်လို့ မရဘူးလား"

သမီးဆလူးက ခေါင်းခါပြီး

"မရဘူး ဖေမှေးရဲ့ ၊ ဖေမှေးရဲ့ ခြေသံကြားရင် ငုံးက ပိုဒေါသထွက်မှာ ၊ ဒါကြောင့် ဖေမှေး ခပ်ဝေးဝေးကပဲစောင့်၊ သမီးချော့မော့ပြီးတော့ ဖမ်းခဲ့မယ်၊ မိမှ ကောင်းကောင်း ကြီး ကြော်စားတာပေ့ါ"

"ဟေ ...... အဲလိုလား"

သမီးပြောတာ သဘာဝကျနေ၍ ဦးဘမှေး ဘာမှ စောဒကမတက်နိုင်တော့။ အဓိကကလည်း ငုံးမိဖို့ ပဲ မဟုတ်လား။

"အေး ... အေး ဒါဆိုလည်း ပြီးရော၊ ငါ ခပ်ဝေးဝေးကပဲ စောင့်နေမယ်၊ နင်ငုံးကို မိအောင်တော့ ဖမ်းခဲ့နော် ဆလူး"

"စိတ်ချပါ ဖေမှေးရဲ့ ၊ ငုံးက မိပြီးသားပါ"

"ဘာရယ်"

"အဲ ... အဲလေ အမြဲမိနေကျပဲလို့ ပြောတာ၊ ဖေမှေး ခပ်ဝေးဝေးနေနော်"

"အေး အေး အမိန့်တော်အတိုင်းပါပဲ၊ ငါ့ကို ခွပ်သွားတဲ့ ငုံးသာ မိအောင်ဖမ်းခဲ့၊ လက်စားချေတဲ့ အနေနဲ့ အတက်က စစားမယ်"

"စိတ်ချပါဆိုနေ"

ဦးဘမှေး ချုံနှင့်ခပ်ဝေးဝေးသွားကာ လုံချည်လေးဆွဲခြုံပြီး ဆောင့်ကြောင့်ထိုင် ကြည့်နေလိုက်သည် ။

"အား ကျွတ် ကျွတ်"

တစ်သက်နှင့်တစ်ကိုယ် ဒီလိုမျိုး အခွပ်ခံရလိမ့်မယ်လို့ ဘယ်တုန်းက မှ မထင်ခဲ့မိ၍ မနာသင့်တာတွေ နာနေ၏။

မဆိုင်သည့်အပေါက် ဂလိုင်နှင့်ခေါက်ဆိုတာ ဒါမျိုးပင် ဖြစ်မည်။

"အား ကျွတ် ကျွတ်"

နာနာကျင်ကျင်နှင့်ပင် ခပ်ဝေးဝေးမှာ မဆီမဆိုင် အခေါက်ခံထားရသော ဂလိုင်ကို ဖနှောင့်ပိတ်ထိုင်လိုက်သည် ။

ဦးဘမှေး ခပ်ဝေးဝေးမှာ တွေ့မှ ဆလူး ဟိုကြည့်ဒီကြည့်နှင့် ချုံက လေးထဲ တိုးဝင်သွားသည် ။

သိပ်မကြာပါ။ ချုံကလေးက လှုပ်နေသည် ။

"ကလုလု... ကလုလု"

ချုံထဲမှ ငုံးအော်သံကြားတော့ ဦးဘမှေး ခေါင်းထောင်သွား၏။ ခုန ကနာကျင်မှုများ ပင် လျော့ကျသွားသယောင်။

တကယ်ကို မကြာလိုက်ပါ။

ဆလူး မောကြီးပန်းကြီးနှင့် ချုံထဲမှ ပြန်တိုးထွက်လာသည် ။ လက် ထဲမှာ လည်း ငုံးလေးတစ်ကောင်။

"မိပြီ ဖေမှေးရေ၊ မိပြီ"

တကယ်ငုံးလေးတစ်ကောင် ဖမ်းလာခြင်းပင်။ ဦးဘမှေးလည်း ဝမ်း

သာအားရနှင့်

“မှန်းစမ်း၊ ငါ့ကိုခွပ်တဲ့ ငုံး”

သမီးလက်ထဲက ငုံးကိုကြည့်တော့လည်း အကောင်ကသေးသေး။ မျက်လုံးက ပေကလပ်ပေကလပ်နှင့် သနားစရာတောင်ကောင်း။ ဦးဘမှေး ငုံးလေးကို အသေအချာကြည့်ပြီး

“ငါ့ကိုခွပ်တာ ဒီငုံးလား”

“ဘာဖြစ်လို့ လဲ ဖေမှေးရဲ့ ”

“ဒီလောက်အကောင်လေးက ဟိုလောက်ခွပ်ချက်မပြင်းဘူးနော်”

“ဩော် ဖေမှေးကလည်း လူတောင် ဒေါသကြီးရင် အားတွေပိုထွက်လာတာပဲ”

ဦးဘမှေး ဇဝေဇဝါဖြစ်နေသည် ။

“အေးလေ ထားပါတော့၊ မှန်း အတက်က”

ဦးဘမှေး ငုံးခြေထောက်ကို မကြည့်သည် ။ ငုံးအတက်က Baby corn ပြောင်းဖူးစေ့လောက်သာ။

“ဟဲ့ ငါခံရတာ ဒီအတက်တော့ မဟုတ်ဘူး နော်၊ ဟိုအတက်က ငှက်ပျောဖူးလောက်ရှိတာ၊ ငှက်ပျောဖူးနဲ့ ပြောင်းဖူးစေ့လောက်တော့ ငါမလွဲလောက်ဘူးနော်”

သူ့စကားကို ဆလူးက မကျေမနပ်နှင့်

“ဩော် ဖေမှေးကလည်း သူလည်း ဒေါသထွက်ရင် အတက်က ရှည်ချင်ရှည်လာမှာ ပေ့ါ၊ တကတည်း သိပ်စပ်စုတာ”

ဆလူးက မကျေမနပ်ရေရွတ်ရင်း ငုံးလေးကိုင်ရင်း အိမ်ပေါ် ဘောက်

ဆတ် ဘောက်ဆတ်နှင့် ပြေးတက်သွား၏။

ဦးဘမေးသာ ဆလူးကို ကြည့်လိုက်၊ ငုံးထွက်သော ချုံကလေးကို ကြည့်လိုက်နှင့် ဇဝေဇဝါ ကျန်ရစ်ခဲ့၏။

"အား ကျွတ် ကျွတ်"

ဒီပြောင်းဖူးစေ့လောက်မျှက ရမ်ဘိုအမြှောက်လောက်ကြီးလာနိုင်ပါ့မလား၊ သူ မစဉ်းစားနိုင်။ ငုံးက ဆံပင်စမ်းပြီး နားရင်း အုပ်တတ်ပါ့မလား၊ ဒါလဲအဖြေမရှိ။

သို့သော်

ထို့နေ့တွင် ဦးဘမေး သူ့ကိုခွပ်သောငုံးကို အတက်က စစားလိုက်သည် ။ အတက်သေးသေးလေး သူ့ပါးစပ်ထဲရောက်တော့ တစ်ခုခုကိုသတိရပြီး ပို့ချင်သွား၏။ မိန်းမများ ကိုယ်ဝန်ဆောင်လျှင် ဖြစ်တတ်သည့်သဘောမျိုး။

*

ဦးဘမေး နာရီကိုကြည့်လိုက် ချုံကိုကြည့်လိုက်ဖြစ်နေသည် ။ နာရီက တစ်နာရီကိုညွှန်ပြတော့မည်။

ဆလူးက နာရီကိုကြည့်လိုက် ဦးဘမေးကိုကြည့်လိုက် ဖြစ်နေသည် ။ ဦးဘမေးက နာရီနှင့်ချုံကိုသာ စိတ်ဝင်စားနေ၍ သူ့ကို သမီးဆလူးကြည့်နေသည် ကို သတိမထားမိ။ ဆလူးက နာရီကို ကြည့်လိုက်၊ သူ့အဖေကိုကြည့်လိုက်၊ ခေါင်းကုတ်လိုက် ဖြစ်နေသည် ။ ထိုစဉ်မှာ ပင်

"ဒေါင်"

နာရီမှ အချက်ပေးသံ။ ထိုအသံနှင့်အတူ ချုံကလေးလှုပ်သွားသည် ။

“ငုံးတိုးပြီ”

ဦးဘမှေး ဆောင့်ကြောင့်ထိုင်နေရာမှ ခုန်ထလိုက်သည် ။ ဒီတစ်ခါတော့ ချုံထဲကို ဖင်နှင့်မဝင်၊ ခေါင်းနှင့်ဝင်မည်ဟု ဆုံးဖြတ်ထား၍ ဖြစ်သည် ။

ကမန်းကတန်းပင် အိမ်အောက်ဆင်းရန် ပြင်တော့မှ

“အား”

ဆလူး၏ အော်သံ။ ဦးဘမှေး ဆင်းလုလုခြေလှမ်းများ တန့်သွား၏။

“အား လုပ်ပါဦး”

လှည့်ကြည့်လိုက်တော့ ဆလူးက သူ့ခေါင်းလေးသူ အုပ်ကိုင်ပြီး မျက်နှာရှုံ့မဲ့နေ၏။ ငုံးထက် သမီးပိုအရေးကြီးမှန်းသိသော ဦးဘမှေး နောက်ပြန်လှည့်ပြီး

“ဟဲ့ ဆလူး ဘာ ဘာဖြစ်လို့ လဲ”

သူ့အမေးကို ဆလူးက မျက်နှာရှုံ့မဲ့ပြီး

“ခေါင်း ခေါင်းကိုက်လို့ ဖေမှေး”

“ဟယ် နင့်မှာ လည်း ဒီအချိန်ကြီးကျမှ ခေါင်းကိုက်ရလားဟယ်”

ဦးဘမှေး၏ မရိုးမရွရေရွတ်သံ။

“အား ခေါင်းက တအားကိုက်တယ် ဖေမှေးရဲ့ ၊ အဟင့်”

ဆလူး၏ ငိုမလိုအသံ။ ဦးဘမှေး စိတ်ပူသွားပြီး

“ဟယ် ဒါဖြင့်လည်း အိပ်ရာထဲဝင်လဲနေ လိုက်လေ”

“အိပ်ရာထဲ ဝင်လဲနေရုံနဲ့ ရမယ်မထင်ဘူး၊ ဆေးသောက်မှ ရမယ်ထ

င်တယ်

အဖေမေ့းရဲ့ ဆေးလေးတော့ သွားဝယ်ပေးပါ”

“ဆေး ဟုတ်လား၊ ဘာဆေးသောက်ရမှာ လဲ လျက်ဆားလား”

“အာ အဖေကလည်း ခေါင်းကိုက်တာ လျက်ဆားသောက်လို့ ပျောက်မလား၊

အင်္ဂလိပ်ဆေးသောက်ရမှာ ”

“အင်္ဂလိပ်ဆေး”

အင်္ဂလိပ်ဆေးဆိုတာ တစ်ခါမှ မသောက်ဘူးသော ဦးဘမေ့း

မျက်မှောင်ကြုတ်သွား၏။ သူ့တစ်သက်နှင့်တစ်ကိုယ် အင်္ဂလိပ်ဆေးကို တစ်ခါမှ မသောက်ခဲ့ဘူး၍ သမီးစကားကို အံ့အားသင့်သွားသည် ။ သူတို့ တောရွာမှာ က တော်ရုံနေမကောင်းလျှင် ကွမ်းရွက်ပြုတ်ရည်လေးသောက်၊ နွယ်ချိုကဲလေးငုံရုံနဲ့ ပြီးခဲ့တာကို။ ဒါမှ မဟုတ် အရက်ပြင်းထဲ လျက်ဆားထည့်ပြီးသောက် ပျောက်ပေ့ါ။

“အင်္ဂလိပ်ဆေး၊ ဘာဆေးလဲ”

“ဘာမီတွန်။ ဘာမီတွန်”

“ဘာ”

“ဩော် ဖေမေ့းကလည်း ဘာမီတွန်ပါဆိုနေမှ ”

“ဩော် အေး အဲဒါကို ဘယ်လိုမေးဝယ်ရလဲ”

“ဩော် ကဲ ဆေးဆိုင်ကိုသွားပြီး ဘာမီတွန်လို့ ပြောဝယ်လိုက်ရင်ရတာပဲ၊ တကတည်း”

"ဟုတ်လား၊ ဒါဖြင့် ခဏစောင့်၊ ငါသွားဝယ်ခဲ့မယ်"

ဆိုကာ ရေးကြီးသုတ်ပျာနှင့် အိမ်ပေါ်ကဆင်းလာရသည် ။ စိတ်ထဲတွင် တော့

"တောက် ဒီသမီးဆလူးက အရေးအကြောင်းကျမှ ခေါင်းကိုက်ရတယ်လို့ ၊ အမှန်ဆို ဒီအချိန် ချုံထဲငုံးဝင်ဖမ်းနေရမှာ ၊ ငုံး ... ငုံး အထဲမှာ ဘယ်နှကောင်တောင်ရှိပါလိမ့်၊ အများကြီးဆိုလည်း ဆလူးလို တစ်နေ့တစ်ကောင်တော့ မဖမ်းနိုင်ဘူး၊ အဖိုအမ တစ်စုံထားပြီး ကျန်တာဖမ်းပြီး ကြော်စားပစ်မယ်"

မျက်စိထဲမှာ လည်း သူ့ပတ်ပတ်လည် ဝိုင်းရံနေသော ငုံးကြော်များကို မြင်ယောင်နေမိသည် ။ ဟိုအကောင်ကပေါင်၊ ဒီတစ်ကောင်ကရင်အုံ စသည် ဖြင့်တွေးရင်း သွားရည်ပါတမျှားမျှားကျချင်လာသည် ။

ငုံးသားမှာ တခြားအသားများ နှင့်မတူ။ ကြက်ပေါက်ကလေးများ လို ချွဲမနေ။ စာကလေးများကဲ့သို့ အသားမနည်း။ တုတ်တုတ်တိုတိုနှင့် ဆူဆူဖြိုးဖြိုး ရှိလှသည် ။ ငုံးကိုကြော်ထားလျှင်ပင် အသားကို အလွယ်တကူခွာစားနိုင်ပြီး လျှာပေါ်တင်လိုက်သည် နှင့် အရည်ပျော်သွားမယောင်ပင် ထင်ရသည် ။

တွေးရင်းနှင့်ပင် ဦးဘမှေး နှုတ်ခမ်းကို လျှာပြားကြီးနှင့်သပ်မိသည် ။ မျက်လုံးပွင့်သော်လည်း ဘာမှ မမြင်။ ငုံးကင်ကသာ စိုးမိုးနေသည် ။ အတန်ကြာမှ

"ဟယ် ငုံးအကြောင်း စဉ်းစားနေတာနဲ့ ဆေးဆိုင်တောင်ကျော်လာပြီ၊ ပြန်လှည့်မှ "

ဆိုကာ လာလမ်းကို ပြန်လှည့်လိုက်သည် ။ ရပ်ကွက်ဈေးထိပ်မှ ဦး

ဆင်ဆေးဆိုင်ကို တွေ့ရသည် ။ ဦးဆင်ဆေးဆိုင်ကိုမြင်တော့ ရွံ့တွန့်တွန့်ဖြစ်မိသေးသည် ။ အကြောင်းမှာ ဦးဆင်ဆိုသူက လွန်စွာ စိတ်တိုလွယ်၍ ဖြစ်၏။ အကြောင်းမသိပဲ စကားပြောမိလျှင်တောင် သဟောက်သဟမ်းက ပြုတတ်သေး။

"ဟယ် မဝယ်လို့ မှ မဖြစ်ပဲ ဝယ်ရမှာ ပါပဲလေ"

ဟု ဆုံးဖြတ်ကာ ဦးဆင်ဆေးဆိုင်ဆီ လှမ်းလိုက်သည် ။

"ဗျို့ ဦးဆင်"

"ဘယ်ကောင်တုန်းကွ၊ သံသေးသံကြောင်နဲ့ ၊ ငါ့နာမည်အော်ခေါ်တာ နာချင်လို့ လား"

အသံကြားရုံနှင့် ဦးဘမေးတွန့်ဝင်သွားသည် ။ ရုပ်ကို ဘွားခနဲမြင်တော့ ပြန်တောင်ပြေးချင်စိတ်ပေါက်သွား၏။ ဦးဆင်၏ မျက်နှာက ခက်ထန်မာကျောနေသည် မဟုတ်လား။

"ဩော် ရွာက ပြောင်းလာတဲ့ ဘမေးပဲ၊ ပြော ဘာလိုချင်လို့ လဲ"

ဦးဆင်အသံက အနည်းငယ်ပျော့ပြောင်းနေ၍ ဦးဘမေးအနည်းငယ်အားတက်သွား၏။

"ဟို ဟိုလေ ဆေး ဆေးလေးဝယ်ချင်လို့ "

သူ့စကားကြားသည် နှင့် ဦးဆင် လက်မြှောက်တက် လာပြီး

"ဩော် ကဲ ငါ ပါးပိတ်တီးလိုက်ရ မကောင်းရှိရော့မယ်၊ ဆေးဆိုင်လာပြီး ဆေးဝယ်မှန်းတော့ သိတာပေါ့၊ ဘာဆေးလဲပြော၊ မြန်မြန်ပြော"

ဦးဆင်၏ ဒေါသတကြီး စကားကြောင့် ဦးဘမေး လန့်ဖျန့်ပြီး မှာ လိုက်တာတွေ မေ့ကုန်၏။

“ဟို ဟိုလေ”

“ဘာလဲ ပြောဆိုကွာ”

နောက်မှ စဉ်းစားမိပြီး

“သြော် သိပြီ သိပြီ ဆေး ဆေး မီတွန်၊ မီတွန်တော့ပါတာ မှတ်မိတယ်၊ ဘာမီတွန်လဲ မသိဘူး”

သူ့စကားကြောင့် ဦးဆင် ဒေါသထွက်သွားပြီး

“ဟော့ကောင် ဆေးထဲမှာ မီတွန်ပါတာ အများကြီးကွ၊ မီတွန်ဖောရက်၊ ဆာဖာမီတွန်မော၊ မီတွန်ချာကရာဘာသီ”

“ဟင် ဟင် မီတွန်ချာကရာဘာသီက အိန္ဒိယက Disco Dancer ကုလားကား မင်းသားလေ”

“အေး ငါက မီတွန်တွေများ တယ်၊ မင်းက ဘာမီတွန်မှန်းမသိရင် ငါက ဘာမီတွန်ကို ပေးရမှာ လဲ၊ မင်းက ဘာမီတွန်ကို လိုချင်တာလဲ၊ ငါက ဘာမီတွန်ကို ပေးရမှာ လဲ အဲဒါကိုပြော အလကားနေရင်း လာရှုပ်နေတယ်”

ဦးဆင် ဆေးဘူးများကို ဟိုရွှေ့ဒီရွှေ့လုပ်နေသည် ။

“သြော် .. ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ကျွန်တော် ဘာမီတွန်လဲဆိုတာ ပြန်မေးလိုက် ဦးမယ်ခင်ဗျ”

“ပြန် အလုပ်ကိုရှုပ်တယ်”

ဦးဘမေး ကုပ်ချောင်းချောင်းနှင့် ပြန်လှည့်လိုက်သည် ။

“ဟော့ကောင်”

“ခင်ဗျ”

ခြေလှမ်းစမလို့ လုပ်တုန်းမှာ ပင် ဦးဆင်၏ ခေါ်သံကြားတော့ ပြန်လှည့်ကြည့်မိသည် ။

"ဘာမီတွန်လဲဆိုတာ အသေအချာမေးခဲ့"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

"ပြန်ပြောစမ်း၊ ဘာမေးရမှာ လဲ"

"ဘာမီတွန်လဲဆိုတာ မေးရမှာ ပါခင်ဗျ"

"လစ်"

"ဟုတ်"

ဦးဘမှေး မပြေးရုံတမယ် လစ်ချလာလိုက်သည် ။ လမ်းရောက်မှ

"ငါ့နှယ် ဘာမီတွန်မှန်းမသိပဲ ဆေးသွားဝယ်ရတယ်လို့ ၊ တော်သေးတာပေါ့၊ ကုလားမင်းသား မီတွန်ချာကရာဘာသီကြီး ပေးချလိုက်လို့ အိမ်မှာ တီးဝိုင်းပါထောင်နေရဦးမယ်၊ ဟီဟိ အင်း အိမ်ရောက်မှ ဆလူးကို ဘာမီတွန်လဲ အသေအချာမေးပြီး ပြန်ပြေးဝယ်ရမယ်"

စဉ်းစားရင်း အိမ်ထဲဝင်လိုက်သည် နှင့်

"ဟင်"

ချုံကလေးကား လှုပ်နေသည် ။ ဦးဘမှေး မျက်မှောင်ကြုတ်သွား၏။

"ငုံးတိုးပြီ"

ဦးဘမှေး ဝမ်းသာအားရ ပြေးသွားရန် ပြင်စဉ်မှာ ပင်

"ဟင်"

ချုံထဲ ချွေးတလုံးလုံးနှင့် ထွက်လာသော သမီးဆလူး။

ဆလူး ချုံထဲက ထွက်လာတာမြင်တော့ ဦးဘမှေး အံ့အားသင့်သွားသည် ။ ဆလူးလက်ထဲမှာ ငုံးတစ်ကောင်။ ဦးဘမှေး တအံ့တသြလက်ညှိုးထိုးပြီး

"ဟင် ဆလူး၊ ခုနကတော့ နင်ခေါင်းကိုက်လို့ ဆို၊ အခု"

ဦးဘမှေးကို မြင်တော့ ဆလူးက ရှက်ကိုးရှက်ကန်းနှင့်

"ဟုတ် အခုနည်းနည်းသက်သာလို့ ၊ နောက်ပြီး ငုံးတိုးတာလည်း မြင်လို့ ဆင်းဖမ်းလိုက်တာ၊ ကွက်တိပဲ၊ အဲ ... ဒါနဲ့ ဆေး.... ဆေး မှာ လိုက်တဲ့ ဆေးရော"

ဦးဘမှေး မျက်မှောင်ကြုတ်သွားပြန်သည် ။ နောက် သူ့မေးကို သူပြန်ပွတ်ပြီး

"ဆေး၊ အဲဒါ နင့်ကို လာပြန်မေးတာ၊ နင်မှာ လိုက်တဲ့ ဆေးက ဘာမီတွန်"

"ဘာမီတွန်"

"အေး နင့်ကိုငါပြန်မေးတာ၊ ဘာမီတွန်"

"ဘာမီတွန်"

"အာ ခွီးထဲမှ ပဲ၊ နင့်ကိုမေးနေတာလေ ဘာမီတွန်လဲလို့ "

ဦးဘမှေးအော်သံကြောင့် ချုံထဲက တခွီခွီရယ်သံကြားရ၏။

"ဩော် ဖေမှေးကလည်း ဆေးနာမည်ကိုက ဘာမီတွန်ပါဆိုနေ"

"ဆေးနာမည်က ဘာမီတွန်၊ အေး၊ ဟင် ဟင် နေ နေစမ်းပါဦး ခုနက ချုံထဲက ရယ်သံကြားလိုက်သလားလို့ ၊ ဘယ်သူလဲ ထွက်ခဲ့စမ်း"

"ဟို ဟိုလေ"

ဆလူးပျာပျာသလဲနှင့် ရှင်းပြရန် ပြင်သည် ။ သို့သော် သူမရှင်းပြလိုက်ရ။ ချုံထဲမှ ရယ်ကျဲကျဲနှင့် ယောက်ျားတစ်ယောက် ထွက် လာလေ၏။

"ဟင် ဒီ … ဒီကောင် ဘယ်ကကောင်လဲ၊ ချုံထဲ မင်း ဘာဝင်လုပ်တာလဲ"

ဦးဘမေး၏ ဒေါသတကြီးစကား။ ဒါကို ချုံထဲထွက်လာသောငတိက ရယ်ကျဲကျဲနှင့်

"ဟိုလေ ငုံး ငုံး"

သူ့စကားကိုနင်း၍ ဆလူးက

"ဩော် ဟုတ်ပါရဲ့ ၊ ကိုမောင်ကူးက သမီးကို ချုံထဲမှာ ငုံးကူဖမ်းပေးတာ၊ ငုံးလေ ငုံး"

ဆလူးစကားကို မောင်ကူးဆိုသူမှ စပ်ဖြဲဖြဲမျက်နှာနှင့် ဆလူးလက်ထဲမှ ငုံးကို "ဒီ ဒီ"ဆိုကာ လက်ညှိုးနှစ်ချက် ဆတ်ပြသည် ။

မောင်ကူးမျက်နှာပေးကိုမြင်တော့ ဦးဘမေးတင်းသွားပြီး လုံချည်ကို ဆတ်ခနဲ ဆွဲမကာ

"ဟေ့ကောင် ဒါတော့မဖြစ်နိုင်ဘူး၊ ငါ့သမီးကို ချုံထဲ ငုံးဝင်ဖမ်းပေးတာတော့ လုံးဝမဖြစ်နိုင်ဘူး၊ မင်းချုံထဲ ဘာအကြံအစည်နဲ့ ရောက်လာတာလဲ မှန်မှန်ပြောစမ်း"

ဦးဘမေး ပြေးဝင်သွားတော့ မောင်ကူး ဆလူးနောက်ပြေးကပ်ကာ

"ဟာ … ဟာ တကယ်ပြောတာပါဦးရဲ့ ၊ ကျွန်တော် ရိုးရိုးသားသား ဆလူးကို ငုံးကူဖမ်းပေးတာပါ၊ ဒီမှာ ကြည့်ပါလားငုံး"

မောင်ကူးစကားကို ဆလူးကပါ လက်ထဲကငုံးကို မြှောက်ပြီး

“သြော် ကဲ ဒီမှာ ကြည့်ပါလား ငုံးကို၊ ဖေမေးက မယုံသင်္ကာနဲ့ ၊ အဲဒါတွေကြောင့် စိတ်ပျက်တာ”

ဆိုကာ ဓောင့်ဓောင့်ဓောင့်ဓောင့်နှင့် အိမ်ပေါ်တက်သွား၏။ ထိုတော့မှ မောင်ကူးလည်း

“ကျွန်တော်လည်း သွားပြီ ဟီဟိ”

ဆိုကာ လှည့်အထွက် ဦးဘမေး မောင်ကူးလည်ကုပ်ကို လှမ်းဆွဲလိုက်ပြီး

“ဟေ့ကောင် နေဦး”

မောင်ကူး ဦးဘမေးလက်ထဲ ယက်ကန်ယက်ကန် ပါလာ၏။

“မင်း ငါ့သမီးကို ငုံးဝိုင်းဖမ်းပေးတာ သေချာတယ်နော်”

“ဦးကလည်း သားက တကယ်ပြောနေတာကို”

မောင်ကူးက ခန္ဓာကိုယ်ကြီး ပျော့ချလိုက်ပြီး

“ဟေ့ကောင် ရုပ်ကြမ်းကြီးနဲ့ လာန္ဒဲ့ပြမနေနဲ့ ၊ ကောင်းကောင်း ပြော”

အန္ဒဲ့လျော့သွား၏။

“တကယ်ပြောတာပါ၊ ကျွန်တော် ဆလူးကို ငုံးကူဖမ်းပေးရုံပါ”

ဦးဘမေး ခေါင်းညိတ်၏။

“အေး မင်းတကယ် ငုံးဖမ်းပေးတယ်ဆို မနက်ဖြန်လာခဲ့”

“တကယ်”

မောင်ကူးမျက်လုံး အရောင်လက်သွားသည် ။ လိုင်စင်ရပြီထင်တာ

ကိုး။ ငုံးဖမ်းလိုင်စင်။ သို့သော် ....

“ငါ့သမီးအစား မင်းနဲ့ ငါ ငုံးဖမ်းကြမယ်”

“ဟင်”

“ဟုတ်ရင်ဟုတ်ပေ့ါကွာ၊ မဟုတ်ရင်တော့၊ တောက်”

မောင်ကူးမျက်နှာ ဇီးကင်းလောက်သာ ကျန်၏။ ဦးဘမှေးဆွဲထားသော ကုပ်ကို လွှတ်ချလိုက်ပါက ခွေခနဲလဲသွားမယ့် အနေအထား။။

*

ဦးဘမှေးစိတ်ထဲ လိပ်ခဲတည်းလည်း ဖြစ်နေသည် ။

မောင်ကူးဆိုသောသူငယ်၏ စပ်ဖြဲဖြဲမျက်နှာကိုလည်း မြင်ယောင်မိ၏။

“ဒီကောင် ငုံးကူဖမ်းတယ်ဆိုတာ ဟုတ်ပ့ါမလား၊ ငုံးဖမ်းတယ်ထားဦး၊ ဒီကောင့်မျက်နှာက ဘာလို့ စပ်ဖြဲဖြဲဖြစ်နေရတာပါလိမ့်”

ရုတ်တရက် စဉ်းစား၍ မရ။

နောက် စိတ်ထဲထင့်ခနဲ။

“ဟင် ငါ့ကို ဟိုတစ်နေ့က ဝင်ခွပ်သွားတဲ့ ငုံးဟာ ဒီကောင်လား”

ရင်ပါ တဒိတ်ဒိတ်ခုန်သွားသည် ။ တချို့နေရာတွေ တွန့်ဝင်သွား၏။ အတွန့်ဆုံးက အသုံးပြုနည်းသော အစိတ်အပိုင်းများ ပင်။ ကြက်သီးလည်း တဖြန်းဖြန်း။

“အတက် ... ဟုတ်တယ်၊ ဒါ ငုံးအတက်တော့ မဖြစ်နိုင်ဘူး၊ အဲ ... ဒါပေမဲ့”

သူကိုယ်တိုင် လက်ပူးလက်ကြပ်မမိခဲ့တော့လည်း စဉ်းစားရခက်ပြန်၏။ ယောကျ်ားတစ်ယောက်အနေနှင့် ဘယ်လိုမှ မစမ်းသင့်သောနေရာများ စမ်းမိသွား၏။

"ဘာပဲဖြစ်ဖြစ် မဟုတ်ပါစေနဲ့ တော့ ဆုတောင်းရမှာ ပဲ၊ ဟုတ်ရင် တော့ ဟင်း"

သူ့ဘဝသူ အားငယ်သွားမိသည် ။ မျက်စိထဲ ညှော်ခန်းထဲတွင် ဂုဏ်ယူစွာချိတ်ဆွဲထားသော မင်္ဂလာသတို့ သား၊ သတို့ သမီးနေရာတွင် ဆံထုံးကြီးနှင့် ငိုမဲ့မဲ့သူ။ သတို့ သားနေရာတွင် ပြုံးဖြီးဖြီးနှင့် မောင်ကူး။

ခေါင်းကို ခပ်ကြမ်းကြမ်းခါပစ်လိုက်သည် ။ နောက် ပတ်ဝန်းကျင် ဝေ့ကြည့်လိုက်သည် ။ ထိုတော့မှ လာရင်းကိစ္စကို ပြန်သတိရပြီး

"ဩော် ဆေးဝယ်ရဦးမှာ ပဲ"

စဉ်းစားမိကာ ဦးဆင်ဆေးဆိုင်သို့ ခြေဦးလှည့်လိုက်သည် ။

*

ဦးဆင်က သူ့ကိုခါးထောက်၍ ခပ်တည်တည်ကြည့်သည် ။ သူက ဆိုင်ရှေ့ ယို့ယို့ကလေးရပ်နေသည် ။

"ရောက်လာပြန်ပလား"

"ဟုတ်"

"မေးရောမေးခဲ့လား"

"ဟုတ်"

"ဘာမီတွန်လဲကွယ့်"

“ဘာမီတွန်”

“မင်းကိုမေးနေတာလေကွာ၊ ဘာမီတွန်လဲလို့ ”

“ဘာမီတွန်”

“ဟော့ကောင် မင်း ငါ့ဒေါသကို ဆွနေတာလား၊ မင်းကိုငါ စိတ်ရှည်ရှည်မေးနေတာနော်၊ ဘာမီတွန်လဲ မြန်မြန်ပြော”

“ဘာမီတွန်”

“ဟော့ကောင် မင်းနားလေးနေတာလား၊ ဒါမှ မဟုတ် မင်းငါ့ကိုရွဲ့နေတာလား၊ နောက်ဆုံးအကြိမ်မေးမယ် ဘာမီတွန်လဲ ပြော”

“ဘာမီတွန်”

“အာ ဒီကောင်တော့ကွာ၊ ကဲဟာ .... ကဲဟာ ဘာမီတွန်ဦး၊ အင်းဟာ”

“ဖုန်း”

“ဖုန်း”

“ဖုန်း”

“အား”

*

ရပ်ကွက်ရုံးသို့ ဦးဆင်နှင့် ဦးဘမေးတို့ ရောက်သွားကြသည် ။ ဦးဘမေးနဖူးတွင် အသီးနှစ်သီး သီးသွားသည် ။ သို့သော် ဦးဘမေးကလည်း မခေ။ ဦးဆင်မျက်လုံးတစ်လုံး ပိတ်သွားအောင် လက်စွမ်းပြထား၏။

“ဘာက ဘယ်လိုစဖြစ်လဲပြော”

ဦးဆင်မှ စသည် ။

"ဒီလိုပါခင်ဗျ၊ သူကျွန်တော့်ဆီ ဆေးလာဝယ်ပါတယ်"

"အင်း"

"ဆေးနာမည်မှာ မီတွန်ပါတယ်၊ ဘာမီတွန်လဲ မသိဘူးတဲ့ "

"အင်း ဟုတ်ပါပြီ၊ ဘာမီတွန်တဲ့ လဲ"

"ကျုပ်လည်း သူ့ကိုမေးတာပေါ့၊ လိုချင်တဲ့ ဆေးက ဘာမီတွန်လဲပေါ့ "

"အင်း သူက ဘယ်လိုပြန်ဖြေလဲ"

"ဘာမီတွန်"

ရပ်ကွက်လူကြီး မျက်မှောင်ကြုတ်သွား၏။

"အတော်လူမှုရေး မသိတဲ့ လူပဲ။ အဲဒါနဲ့ ခင်ဗျားက ဆက်မမေးဘူးလား"

"မေးပါတယ်၊ ခင်ဗျားလိုချင်တာ ဘာမီတွန်လဲပေါ့"

"အင်း အဲဒီတော့ သူကဘာပြန်ပြောလဲ"

"ဘာမီတွန်"

"တောက် အတော်ရိုင်းတဲ့ လူပဲ၊ အဲဒီတော့ ခင်ဗျားဘာဆက်မေးလဲ"

"ကျွန်တော်သူ့ကိုလည်း ရှင်းပြပါတယ်၊ ငါလူကြီးနော် မင်းငါ့ကိုလာမနောက်နဲ့ ၊ မင်းငါ့ကို ရှင်းရှင်းလင်းလင်းပြော၊ မင်းလိုချင်တာ ဘာမီတွန်လဲ"

"အဲ အဲလောက် ချိုချိုသာသာ မေးတာတောင် သူဘာပြန်ပြောလဲ"

"ဘာမီတွန်"

ရပ်ကွက်လူကြီး သက်ပြင်းချသည် ။

"ဒါကတော့ လွန်လွန်းသွားပြီ၊ သူက နားမကြားတာလည်း မဟုတ်ဘူး ၊ ဒါ တမင်လာရွဲ့နေတာပဲဖြစ်မယ်၊ ကဲ ဆိုစမ်းပါဦး ဦးဘမေး"

ရပ်ကွက်လူကြီး ဦးဘမေးဖက်လှည့်သည် ။ ဦးဘမေး နဖူးကိုချိန်၍ လက်ညှိုးထိုးရင်း

"ခင်ဗျားဝယ်ချင်တာ ဘာမီတွန်လဲ"

ဦးဘမေး သူ့ရဲ့ မေးစင်းသော ဗန်ဒါစေ့အရွယ် မျက်ဝန်းမှ နှမ်းစေ့သာသာမျက်ဆံ ကလယ်ကလယ်လုပ်ပြီး ပြန်ဖြေသည် ။

"ဘာမီတွန်"

ရပ်ကွက်လူကြီး တင်းသွားသည် ။ နောက် ဦးဘမေးကို စိုက်ကြည့်ပြီး

"ကျုပ်က ရပ်ကွက်လူကြီးနော်၊ လာနောက်မနေနဲ့ ၊ ခင်ဗျား ဘာမီတွန်လိုချင်လို့ ဘာမီတွန်ဝယ်တာလဲ"

"ဘာမီတွန်"

"တယ် ဒီလူကြီး ငါထလုပ်လိုက် မကောင်းရှိရော့မယ်၊ ဘာမီတွန်လဲလို့ မေးနေတာ"

ထိုစဉ်မှာ ပင်

"ဖေမေး... ဖေမေး၊ ဘာဖြစ်တာလဲဟင်၊ ဘာဖြစ်တာလဲ"

ရုံးထဲ အလောတကြီး ပြေးဝင်လာသော ဆလူး၊ ဆလူးကိုမြင်တော့ ရပ်ကွက်လူကြီး အားတက်သွားသည် ။

"ဒီမှာ နင့်အဖေ ဆေးဆိုင်မှာ ပြဿနာတက်လို့ ၊ အဲ ... ဒါနဲ့ နေပါဦး

နင့်အဖေကို နင်က ဆေးဝယ်ခိုင်းလိုက်တာဆို”

“အေးလေ ဘာဖြစ်လို့ လဲ”

“အေး နင်မှာ လိုက်တဲ့ ဆေးနာမည်မှာ မီတွန်ပါတယ်၊ အဲဒါ ဘာမီတွန်လဲ”

“ဘာမီတွန်”

ရပ်ကွက်လူကြီး အတော်နင်သွားပုံရ၏။ ပြီးနောက် သူ့ခေါင်းသူကုတ်ပြီး

“တောက် သမီးရော အဖေရော ကောင်းနေတာပဲ၊ မဟုတ်သေးဘူးလေ၊ နင်ဝယ်ခိုင်းလိုက်တဲ့ ဆေး၊ နင်မသိဘူးလား၊ အဲဒါ ဘာမီတွန်”

“ဘာမီတွန်လေ၊ ဘာမီတွန်မို့ ဘာမီတွန်လို့ ပြောတာပေ့ါ၊ ဘာမီတွန်အိပ်ဆေး ဒါလေးတောင် မသိဘူးလား”

“ဟေ”

ဆလူးစကားကြားတော့ အားလုံးကြောင်သွားသည် ။ ဟုတ်သား။ ဟိုက ဘာမီတွန်လို့ ပြောနေလျက်နဲ့ ဘာမီတွန်လဲလို့ ပြန်ပြန်မေးနေတော့ ဘာမီတွန်တစ်လုံးတည်းနဲ့ တင် ရှုပ်နေတာပေ့ါ။

ထိုတော့မှ ရပ်ကွက်လူကြီးလည်း သဘောပေါက်ပြီး ဆေးရောင်းသော ဦးဆင်ဘက်လှည့်ကာ

“ဟုတ်သား၊ ခင်ဗျားကလည်း ဆေးရောင်းစားနေပြီး ဘာမီတွန်တောင် မသိဘူးလား”

သူ့စကားကို စိတ်ဆတ်သော ဦးဆင်ကလည်း ဆတ်ဆတ်ထိမခံ

“ခင်ဗျားလို ရပ်ကွက်လူကြီးတောင် ဘာမီတွန်မှန်းမသိတာ ကျုပ်က

ဘယ်လိုသိမှာ လဲဗျ”

“ဟော့လူ ခင်ဗျား ကျုပ်ကိုမရွဲ့နဲ့ ၊ ကျုပ် ဘာမီတွန်ဆိုတာသိတယ်၊ ခင်ဗျားသာ ဘာမီတွန်မသိတာ”

“ခြေမကို ကလိထိုးပြီး နှစ်ပြည်ဖိုးလောက် ရယ်လိုက်ချင်သေး၊ ဟိုမီတွန်၊ ဒီမီတွန် မပြောနဲ့ မီတွန်ချာကရာဘာသိတောင် သိသေး”

“ဟော့လူ အဲဒါကုလားမင်းသားဗျ၊ ဆေးနဲ့ မရောနဲ့ ၊ အခုဟာက ဘာမီတွန်”

“ဘာမီတွန်”

“အဲဒီဘာမီတွန်အကြောင်း”

ရပ်ကွက်လူကြီးဦးတိုးနှင့် ဆေးဆရာဦးဆင်တို့ စကားများ နေကြဆဲ ဦးဘမှေးနှင့် သမီးဆလူးတို့ အသာလစ်ထွက်လာကြသည် ။

အိမ်ရောက်တော့ သမီးဆလူး ကြော်ထားပေးသော ပူပူနွေးနွေး ဆူဆူဖြိုးဖြိုး ငုံးကြော်။

ဦးဘမှေး ခုနက ဆေးနာမည်မပြောနှင့် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်အားလုံး မေ့သွားသည် ။ ငုံးကြော်ကို လျှာပေါ်တင်လိုက်သည် နှင့် နဖူးပေါ်ထွက်နေသော ဘုကြီးနှစ်လုံးပင် ချိုင့်ဝင်သွားသည် ။

*

ချုံကလေးက ငြိမ်သက်နေသည် ။

ချုံထဲတွင် လေးဖက်ကြီးထောက်ပြီး ကုန်းကုန်းကြီး တစ်ယောက်မျက်နှာ တစ်ယောက်စိုက်ကြည့်နေကြသော ဦးဘမှေးနှင့် မောင်ကူး။

နှစ်ယောက်စလုံးက ကျဉ်းကျဉ်းကျပ်ကျပ် ချုံထဲတွင် မျက်နှာချင်းဆို

င်ပြီး ငြိမ်နေကြသည် ။ တစ်ယောက်နှင့်တစ်ယောက်ကလည်း နှာခေါင်း ချင်းပင်တိုက်မတတ်။

"ဟော့ကောင် မင်းငုံးက ဒီနေ့ထွက်ဦးမှာ လား"

"ရှူး"

ဦးဘမှေး၏ စကားကို မောင်ကူးက သူ့နှုတ်ခမ်းပေါ်လက်တင်ပြီး

"တိုးတိုးလုပ်စမ်းပါဗျ။ ဦးလေးအသံကြားရင် ငုံးက မထွက်ပဲနေမှာ ၊ တိတ်တိတ်နေ"

ဦးဘမှေးပြောချင်စိတ်ကို "ဥ ဥ"နှင့် မျိုချပြီး ပြန်ငြိမ်နေလိုက်ရသည် ။

ယောကျ်ားကြီးနှစ်ယောက် တစ်ယောက်နှာခေါင်းက ထွက်သည့် လေကို တစ်ယောက်က ပြန်ရှူနေရတာဆိုတော့ စဉ်းစားသာကြည့်၊ နောက် ကောင်းကောင်း မွှန်မွှန်လည်း မဟုတ်။ လေးဖက်ထောက်လျက်ကြီး။

ကျားမှန်လျှင် မကြည်ညိုလွန်းလို့ ကိုယ်တိုင်မှန်ပင်မကြည့်ခဲ့သော ဦးဘမှေးအတွက်ကတော့ ငရဲပင်။

"ဖူး"

မောင်ကူး မှုတ်ထုတ်လိုက်သော နှာခေါင်းထဲကလေများက မြေပြင် ဆောင့်၍ ဦးဘမှေး နှာခေါင်းထဲ ပြန်ဝင်သည် ။ ဖုန်မှုန့်နှင့် အမှိုက်တွေ ပါ တပြုံကြီး။

"အဟု အဟု အဟွတ်"

ဦးဘမှေး သီးသွားသည် ။ ဒါကို မောင်ကူးက

“ဟာ တိတ်တိတ်နေပါ ဆိုနေမှ ဗျာ၊ ဒီပုံမျိုးနဲ့ ဆို ငုံးက ဘယ်လိုထွက်မှာ လဲ”

မောင်ကူးစကားကြောင့် ဦးဘမေး တင်းသွားသည် ။

“တိတ်လို့ ရမလားကွ၊ မင်းနှာခေါင်းကလေက မြေကြီးဆောင့်ပြီး ငါ့နှာခေါင်းထဲ လာဝင်တာ၊ ငါက ဘယ်လိုလုပ်ရမှာ လဲ”

“ဝင်လည်း အောင့်ခံဗျာ၊ တော်ကြာ ငုံးမထွက်ပဲနေမယ်”

ဦးဘမေး သည်းခံ၍ ပြန်ငြိမ်နေလိုက်သည် ။ ငုံးကိုကလည်း ကိုယ်တိုင်လက်ကျ ဖမ်းချင်တာကိုး။ ဘာရည်ရွယ်ချက်နှင့်မှန်းမသိ မောင်ကူးက ဦးဘမေးကိုသာ စိုက်ကြည့်နေသည် ။ ထိုကဲ့သို့ မျက်လုံးကြီးဆုံပြီး ဒဲ့ကြီးရှူးနေတော့ ဦးဘမေး ရှက်သွေးများ ပင် ဖြန်းနေမိသေး၏။ မတွန့်သင့်တာတွေတောင် တွန့်တက်ကုန်သည် ။

“ဖူး”

“အဟု အဟွတ် အဟွတ်”

မောင်ကူး၏ နှာမှုတ်သံနှင့်အတူ မြေပြင်ဖုန်ထ၍ ဦးဘမေး နှာခေါင်းထဲ တိုက်ရိုက်ဝင်ပြန်၍ ဦးဘမေး သီးသွားပြန်သည် ။ ဒါကို မောင်ကူးက စိတ်မရှည်သံနှင့်

“ဟာ ဦးကလည်း တိတ်တိတ်နေပါဆိုနေမှ ဗျာ”

ဦးဘမေး ပို၍ တင်းသွားသည် ။

“ဟာ နေလို့ ရမလားကွ၊ မင်းနှာမှုတ်ပုံနဲ့ ”

“အာ ဒါကတော့ ကျွန်တော်လည်း နေနေတာပဲဗျာ”

“ဩော် မင်းက ဒီလိုလား ဒီလိုဆိုလည်း ရတယ်လေ”

ဆိုကာ နှာကို ဆောင့်မှုတ်လိုက်သည် ။

"ဖူး ဖူး"

အရှိန်လွန်၍ နှပ်ရည်ကြည်ကလေးများ ပင် ပါသွား၏။ ထိုအရာများက မြေပြင်ကိုထောက်၍ မောင်ကူးနှာခေါင်းထဲ ခုန်ဝင်သွားလေရာ

"အဟု အာ ထွီ ရွံလိုက်တာ"

မောင်ကူး သီးပင်သီးသွား၏။ နောက် ဒေါသထွက်ဟန်နှင့်

"ဟာ ဦးကလည်း ဘယ်လိုလုပ်လိုက်တာလဲ၊ ထွီအရည်တွေပါပါကုန်ပြီ"

ဦးဘမေးကလည်း အားကျမခံ

"မင်းလည်း လုပ်တာပဲကွ၊ မင်းတုန်းကတောင် ငါကြိတ်ခံသေးတာ"

"ကျွန်တော်လုပ်တာက ဒီလောက်တင်ဗျ၊ ဖူး ဖူး"

"အဟု အဟု အဟု ၊ ဩော် မင်းက အဲဒီလောက်၊ ငါကလည်း ဒီလောက်ပဲကွ ဖူးဖူး"

"အဟွတ် ဦးကဒီလိုလား၊ ဒီလိုဆို ကျွန်တော်က နှာခေါင်းတစ်ဖက်ပါ ဒီလိုပိတ်ပြီး ဟောဒီလိုတောင် ညှစ်ထုတ်လိုက်မယ်၊ ဖူး ဖူး ရှစ်"

"ဟော့ကောင် အဲ့ဒါကတော့ ယုတ်မာတဲ့ အဆင့်ဖြစ်သွားပြီ၊ မင်းလိုမျိုးတော့ ငါလည်း လုပ်တတ်တယ်ကွ၊ ဖူး ဖူး ဖူး ရှစ် ရှီး"

နှစ်ယောက်လုံး နှပ်သဘင်ပွဲ ဆင်နွှဲကြသည် ။

"ဒါဆိုလည်း ဖူး ဖူး"

"ဖူး ဖူး"

နှစ်ယောက်သား အနိုင်မခံအရှုံးမပေးနှပ်ညှစ်ပွဲကြီးကျင်းပနေကြသည် ။ အတန်ကြာတော့ နှစ်ယောက်လုံးမျက်နှာတွေလည်း ပေပွကုန်ပြီ။ လေထုတ်ရလွန်း၍ ခေါင်းတွေလည်း မူးနေပြီ။ ထို့ကြောင့် မောင်ကူးက

"ဦးတော်တော့ဗျာ လွန်လွန်းလှပြီ၊ ကျွန်တော်သည်းမခံနိုင်တော့ဘူး
"

"မတော်ဘူးကွာ၊ မတော်တော့ မင်းဘာလုပ်ချင်လဲ၊ မှုတ်မှာ ပဲ ဖူး ဖူး
"

ဦးဘမေးက အသာစီးရနေပြီမို့ မလျှော့၊ ဒါကို မောင်ကူးက

"ဩော် နှာမှုတ်ချင်နေသေးတယ် ဟုတ်လား၊ ဒါဆိုလည်း ဟောဒီလိုမှုတ်"

ဆိုကာ ချုံထဲခေါင်းပြန်ထွက်ပြီး ဖင်ပြန်ဝင်လာသည် ။ ဦးဘမေး သူ့နှာခေါင်းရှေ့ရောက်လာသော တင်ပါးကို ကြောင်ကြည့်နေသည် ။ ပြောင်းဝနှင့် နှာခေါင်းဝ ကွက်တိ။ ထို့နောက်

"ဘု"

"အု"

ဦးဘမေး နှာမှုတ်ရန် အသက်ပြင်းပြင်းရှူချိန်နှင့် တိုက်သွား၍ နားထင်ကြော များ ပင်ထောင်သွား၏။ နှာခေါင်းကလည်း နှပ်အကြိမ်ကြိမ်ညှစ်ပြီးသည် မို့ အရှင်းကြီးကို။ ဝင်လာရသည့်ရနံ့က အတုံးလိုက် အတစ်လိုက်ကြီး။ မောင်ကူးခေါင်းပြန်ဝင်လာသည် ။

"ကဲ ဘာတတ်နိုင်သေးလဲ"

"ဟေ့ကောင် မင်းယုတ်မာလှချည်လား၊ ဖွီအနံ့အသက်ကလည်း ဆိုး

လိုက်တာ၊ ဝေ့ါ”

မောင်ကူးက ပြီတီတီမျက်နှာနှင့်

“ဦးက တောင်းပန်လို့ မှ မရတာ၊ ကျွန်တော်လည်း ပညာကုန်ထုတ်သုံးရတာပေ့ါ။ ဒါတောင် အတိုပဲ ရှိသေးတယ်၊ ဒီထက်ပိုဆိုးလာရင် အရှည်လာမယ်”

“တော်ပါကွာ၊ ထွီ”

နှစ်ယောက်သား မျက်နှာချင်းဆိုင်ပြီး ပြန်ငြိမ်နေကြသည် ။ နှာတော့ မမှုတ်ရဲတော့။ တစ်လုံးထိထားပြီကိုး။ အသာငြိမ် အသက်အောင့်၍ လေးဖက်ထောက်နေရသည် ။

“ကလု ကလု ကလု”

“ဟော”

ငုံးအော်သံ။ ဦးဘမေ့း ဝမ်းသာသွားသည် ။

“ငုံးအော်သံကြားတယ်”

သူ့စကားကြောင့် မောင်ကူး စိတ်ပျက်သွားဟန်နှင့် ကိုယ်ကိုမတ်ပြီး

“ဟာ ဦးလေးကလည်း အသံကြားလည်း ငြိမ်ငြိမ်နေလေဗျာ၊ ဦးလေးက အဲလို အသံထွက်နေရင် ငုံးက ဘယ်လိုထွက်လာတော့မှာ လဲ တကတည်းဗျာ”

ဦးဘမေ့း သူမှားသွားမှန်းသိ၍

“အေး အေး တောင်းပန်ပါတယ်ကွာ၊ ငါ ငါလောသွားလို့ ပါ၊ နောက်တစ်ခါ မဖြစ်စေရပါဘူး”

“ငြိမ်ငြိမ်နေ”

မောင်ကူး ခပ်ငေါက်ငေါက်ဆိုရင်း လေးဖက်ပြန်ထောက်နေလိုက်သည် ။ ဦးဘမှေးကလည်း ထိုနည်းတူစွာ။

အတန်ကြာသည် အထိ နှာခေါင်းချင်း ပေါင်းဖက်နေရသည် ။

"ကလု ကလု ကလု"

ငုံးအော်သံ။ မောင်ကူး ဗိုက်အောက်ထဲက ဖြစ်သည် ။ ဦးဘမှေးလိုက်ကြည့်သည် ။ ငုံးကိုတော့ မတွေ့ရ။

"ကလု ကလု ကလု"

ငုံးအော်သံ ပီပီသသကြားနေရသည် ။ ငုံးကိုတော့ မတွေ့ရ။ ဦးဘမှေး ပို၍ မချင့်မရဲ ဖြစ်သွားသည် ။ ထို့ကြောင့် ငုံးကိုတွေ့လိုတွေ့ငြား ခေါင်းရွှေ့ကြည့်သည် ။ သူရွှေ့ရာဖက်သို့ ဟိုလင်း တမျက်နှာကြီးကပါ လိုက်ရွှေ့သည် ။ ဒီဖက်ပြန်ရွှေ့၏။ ဟိုကောင့်မျက်နှာကြီးလည်း လိုက်ရွှေ့လာသည် ။ ဘယ်လိုမှ ပြေးမလွတ်။

ဤကဲ့သို့ မသမာသောမျက်နှာကြီးကို အစဉ်တစိုက်မြင်နေရတော့ ဦးဘမှေး သည်းမခံနိုင်တော့။

"ဟေ့ကောင် မင်းမျက်နှာကြီး ငြိမ်ငြိမ်နေလေ၊ ဘာလို့ လိုက်ရွှေ့နေတာလဲ"

"ဦးကမှ မငြိမ်တာ၊ ကျွန်တော်က ဘယ့်နှယ့်ငြိမ်ရမှာ လဲ"

"ငါက ငုံးချောင်းနေတာ"

"ဦး အဲဒီလိုလုပ်နေရင် ငုံးက ဘယ်လိုလုပ်ပြီးထွက်လာမှာ လဲ။ တော်ပြီဗျာ စိတ်ပျက်တယ်"

ဆိုကာ ချုံထဲမှ ထွက်သွားသည် ။ ဦးဘမှေးလည်း ငုံးသံကြားပြီး လက်ရမဖမ်း လိုက်ရ၍ မချင့်မရဲ။

“မင်းကလည်း ကွာ ခဏစောင့်လိုက်ရင် ငုံးက ထွက်လာတော့မယ့်ဟာကို”

“ငုံးက ဘယ်လိုထွက်မှာ လဲဗျ။ ငြိမ်နေဆိုလည်း မနေနိုင်၊ နောက်ပြီး ဒီငုံးတွေက ယောက်ျားမျက်နှာမြင်ရင် သိပ်ထွက်ချင်ကြတာ မဟုတ်ဘူးဗျ”

“အဲ”

မောင်ကူး၏ ခပ်ဆတ်ဆတ်စကားကြောင့် ဦးဘမှေး တွေဝေသွားသည် ။

“ဘာ ဘာပြောတယ်”

“ငုံးတွေလေဗျာ၊ ယောက်ျားမျက်နှာမြင်ရင် ထွက်ချင်တာ မဟုတ်ဘူး”

ဦးဘမှေး မျက်မှောင်ကြုတ်သွား၏။ မောင်ကူးစကားကို သူ မရှင်း။ ငုံးက ကျား မ သိနိုင်လို့ လား။ ထို့ကြောင့်

“ဘာလို့ ”

“ဟို ဟိုလေဗျာ၊ ငုံးဆိုတာက တနင်္လာနံ “က၊ခ၊ဂ၊ဃ၊င” မဟုတ်လား ၊ ဒါကြောင့် တနင်္လာနံကျားနဲ့ ထပ်ရင် သူကဘယ်ထွက်ချင်ပါ့မလဲ၊ ဟုတ်ဘူးလား”

ဦးဘမှေး တွေဝေသွားပြန်၏။

“ငုံးက “င” ကျားက “က” တနင်္လာချည်းဖြစ်နေလို့ ငုံးက မထွက်ဘူး

”

ဟုတ်မဟုတ် သူလည်း မသေချာ။ ထို့ကြောင့် ခေါင်းကုတ်ပြီး

“အေး ဒါဖြင့် ငုံးထွက်အောင် ဘယ်လိုလုပ်ရမှာ လဲ”

“မ ဓာတ်ယူရမှာ ပေါ့ဗျာ၊ ငိုး ငိုး”

မောင်ကူးက နှာခေါင်းသံကြီးနှင့် ပြောသည် ။ ဒါကို ဦးဘမေးက

“အဲဒီတော့”

“ဆလူးကိုလွှတ်လိုက်”

“ဟင်”

မောင်ကူးစကားကြောင့် ဦးဘမေး၏ ထာဝရပေမေးကြီး ပြူးမယောင်ပြသွားသည် ။

“ဆလူးနဲ့ မဓာတ်ယူမှ ရမှာ ”

“မယုံရင်ကြည့်လေ”

မောင်ကူးက ငုံးကို မိထားပြီးသလောက်ကို အာမခံသည် ။ မောင်ကူးမှ ပင်ဆက်၍ လုံချည်မကာ

“မကြာစေရဘူး၊ စိတ်ချ”

ဦးဘမေး မောင်ကူးကို ကြည့်ပြီး တင်းသွားသည် ။ ထို့ကြောင့်

“အေး ဟုတ်ရင်ဟုတ်ပေါ့ကွာ၊ မဟုတ်လို့ ကတော့လား”

ဟူ၍ ဆိုရင်း အိမ်ဘက်လှည့်၍

“ဆလူးရေ”

"ရှင်ဖေမှေး"

ဆိုကာ ပြေးထွက်လာ၏။ သူ့ခများလည်း ဘယ်အချိန်ကတည်းက ချောင်းနေသည် မသိ ချက်ချင်းရောက်လာ၏။

ဆလူး သူတို့ နားရောက်သည် နှင့် မောင်ကူးမျက်နှာကြီး ပြီသွားသည် ။ ဆလူးက မျက်လွှာလေးချလို့ ။

ဦးဘမှေးက

"ဆလူး ဒီငုံးက မနဲ့ မှျားမှ ရတာဆို ဟုတ်လား"

ဆလူးက ရှက်ကိုးရှက်ကန်းနှင့်

"အို ဖေမှေးကလည်း ဖေမှေးပဲ၊ နေ့တိုင်းကြော်စားနေတာ အသိ၊ နောက်ပြီး ငုံးကလေ သမီးမြင်တာနဲ့ လုံချည်ထဲက တိုးထွက်လာတာ"

"ဘာ"

"အဲလေ ချုံကြီးထဲက တိုးထွက်လာတာ၊ ခွိ"

ဦးဘမှေး နှစ်ယောက်လုံးကို မသင်္ကာသလိုကြည့်သည် ။ သူ့ခများ မယုံလည်း မယုံချင်။ လက်ပူးလက်ကြပ်လည်း မိချင်နေပုံရ၏။ ထို့ကြောင့်

"အေးလေ ဟုတ်ရင်ဟုတ်ပေါ့ကွာ၊ ငါစောင့်ကြည့်နေမယ်"

သူ့စကားကို ဆလူးက

"အို ဖေမှေးကလည်း စောင့်ကြည့်ချင်လည်း ခပ်ဝေးဝေးနေပေါ့"

"ဘာလို့ "

"ဖေမှေးကိုမြင်လို့ ငုံးထွက်ပြေးသွားရင်ဖြင့်"

"တောက်"

သူ့တစ်ယောက်တည်းကွက်ပြီး ကံဆိုးနေ၍ ဦးဘမေး မခံချိမခံသာ ဖြစ်နေရ၏။ သို့သော် မတတ်နိုင်။ ခြေလှမ်းကို နောက်ပြန်ရွှေ့ရသည် ။

“ ကဲ လုပ်ငန်းစစို့”

“ဘာကွ”

“အဲလေ ငုံးဖမ်းတဲ့ လုပ်ငန်းပြောတာ၊ ဟီဟိ”

မောင်ကူးမျက်နှာကြီး ပြီတီတီနှင့် ချုံထဲဝင်သွားသည် ။ ဒီကောင့်မျက်နှာက ရတနာထုပ်တစ်ခုကို ကောက်ရခါနီးပုံမျိုး။

ကုပ်ချောင်းချောင်းနှင့် ဆလူးလည်း ချုံထဲတိုးဝင်သွားသည် ။

ချုံကလေးကား လှုပ်နေသည် ။

ချုံကလေးကိုကြည့်၍ ဦးဘမေးစိတ်ထဲ လိပ်ခဲတင်းတင်း ဖြစ်နေ၏။

မကြာပါ။ ချုံထဲမှ ဖျတ်ခနဲ တိုးထွက်လာသော သမီးဆလူး။

“ဟင်”

သူ့လက်ထဲမှာ မျက်လုံးကလယ်ကလယ်နှင့် ငုံးငယ်တစ်ကောင်။

ငုံးကိုမြင်တော့ ဦးဘမေး၏ ပေမေးမျက်လုံးများ ပြူးယောင်ပြူသည် ။

“တွေ့တယ်မဟုတ်လား၊ ငုံးဖမ်းဖို့ ကို မဓာတ်လိုပါတယ်ဆိုနေမှ ၊ ခွိ ခွိ ခွိ”

မောင်ကူး၏ ပြီတီတီစကား။ လက်ထဲမှာ လည်း လက်ပူးလက်ကြပ် ငုံးကိုမြင်တော့ ဦးဘမေး ဘာပြောလို့ ပြောရမှန်းမသိ။

“တောက်”

မှ တစ်ပါး တခြားမတတ်နိုင်။

ဆလူးကတော့ ငုံးကို သူစားရန်ယူသွားပြီ။

“သွားပြီဗျို့၊ နက်ဖြန်ခါ တစ်ကောင်လာမယ်၊ ခွီး ခွီး ခွီး”

မောင်ကူး၏ ကရော်ကမယ်စကား။ ဦးဘမှေးနားထဲ အတုံးလိုက်အတစ်လိုက် ကျက်သရေကင်းမဲ့စွာ ပြေးဝင်လာ၏။ မောင်ကူး နောက်ကျောကိုသာ ခါးထောက်ရပ်ကြည့်ရင်း ကျန်ခဲ့ရသည် ။

*

ဦးဘမှေး ဘာလုပ်ရမှန်းမသိ။ ငုံးသားကိုလည်း ကြိုက်၏။ သို့သော် ကိုယ်တိုင်မဖမ်းနိုင်ခြင်းကိုတော့ မချင့်မရဲ။

“တောက် သူတို့ တောင် ဖမ်းမိပါလျက် ငါက ဘာလို့ မဖမ်းနိုင်ရတာလဲ”

ပါရမီနည်းလှသော ကိုယ့်ကံကြမ္မာကိုပင် အပြစ်တင်ရမလို။ ငုံးနှင့်ပတ်သက်လျှင် ကိုယ့်ကိုယ်ကို မချင့်မရဲ အမြဲဖြစ်နေရသည် ။

“ငုံး ငုံး ဘယ်လိုဖမ်းရပါ့၊ မဓာတ်နဲ့ မျှားရင် ငုံးထွက်သတဲ့ ၊ မဓာတ် မဓာတ် ဘယ်လိုကူးရပါ့”

ကိုယ့်ဘာသာကိုယ် စဉ်းစားရင်း ချာလပတ်ရမ်းနေသည် ။

အတန်ကြာမှ ဉာဏ်အလင်းပွင့်သွားပြီး

“ဟာ ဟုတ်ပြီ၊ တစ်အိမ်ကျော်က ဒေါ်မာက မုဆိုးမကြီးပဲ၊ သူလည်း အလုပ်မရှိ အကိုင်မရှိ လတ်လျားလတ်လျားဖြစ်နေတာ၊ သူ့ကို အကူအညီတောင်းရမယ်၊ သူလည်း မဓာတ်ပဲ၊ သူနဲ့ ဆို ဒီငုံးက ထွက် လာလောက်တယ်”

ဟု ဆိုကာ အိမ်ပေါ်မှ မပြေးရုံတမယ် ခုန်ဆင်းလိုက်သည် ။

တစ်အိမ်ကျော်ရောက်တော့ ဒေါ်မာကြီးကို အိမ်ရှေ့ကပြင်၌ မာမာကြီး အိပ်နေသည် ကို တွေ့လိုက်ရသည် ။

"မာကြီး"

"ဘာတုန်း"

မာမာကြီး ပြန်ထူးသည် ။ ဦးဘမေး သေးမြောင်းကျဉ်းသွယ်လှသော ပိဘိပေမေးကို ကလယ်ကလယ် နှစ်ကလယ်လုပ်ရင်း

"ဟိုလေ ငါ့ကိုတစ်ခုကူညီပါလား"

ဒေါ်မာကြီး သူ့ကို မျက်စောင်းထိုးကြည့်သည် ။ သိပ်သကာ်ပုံမပေါ်။ ဦးဘမေး ကျောက်သွားစီညီပါပေ့ကို အပြုံလိုက်ပြသည် ။ ထိုတော့မှ ဒေါ်မာကြီးက

"ဘာကူညီရမှာ တုန်း"

ဦးဘမေး (၃၂) ချောင်းသော ကျောက်သွားများကို မရုပ်သိမ်းပဲ ပခုံး လေးကျုံ့ကာ

"ဟိုဟာ ဟို ပြောရမှာ တာ့ ရှက်သဟ"

"ဘာ"

ဒေါ်မာကြီး ကြုံးအော်ရင်း ငုတ်တုတ်ထထိုင်သည် ။ ဘုရားရှေ့က ဘီ လူးကြီးအတိုင်း။ ပြီးနောက် ဦးဘမေး၏ နှမ်းစေ့ကို ဒဲ့ရှုသည် ။ ဦးဘမေး ကသာ နေရထိုင်ရခက်ပြီး

"ဟိုလေ ပြောရရင် နင်လည်း မုဆိုးဖို၊ ငါလည်း မုဆိုးမ၊ အဲလေ ငါ လည်း မုဆိုးဖို၊ နင်လည်း မုဆိုးမ မဟုတ်လား"

"အဲဒါ ဘာဖြစ်တုန်း"

"အဲ .... အဲဒါလေ"

ဦးဘမေး အကြောင်းမဲ့ လက်ဖဝါးပွတ်နေ၏။ နောက်မှ ...

"အဲ အဲဒါ ဟိုလေ နင် နင်နဲ့ ငါ ချုံတိုးကြအောင်လားလို့ ဟီဟီ"

"ဘာပြောတယ်"

"ချုံတိုးရအောင်လို့ လေ၊ အဟဲ"

သူ့စကားလည်း ကြားရော ဒေါ်မာကြီး မျက်လုံးကြီး ပြူးသွားပြီး

"ဟင် ဒီအရွယ်တင့်တင့်တို့ အရွယ်၊ အဲလေ ချုံတိုးရမယ့် အရွယ် လားဟဲ့၊ ခုတင်ရှိတယ်၊ ခုတင်ပေါ်မှာ တင် နေလို့ ရတယ်"

ဒေါ်မာကြီး စကားမဆုံးမီ ဦးဘမေး လက်ကာပြပြီး

"ဟာ ငါပြောတာ အဲဒါ မဟုတ်ဘူး ၊ အခုဟာက ချုံတိုးပြီး"

"ဟဲ့ ဒီမှာ တောသား၊ နင်တို့ တောမှာ သာ ချုံတိုးကြ၊ ကောက်ရိုးပုံ ဘေးသွားကြ၊ တို့ မြို့မှာ တော့ ခုတင်ပေါ်မှာ တင် ပိုက်ဆံကောက်ရနေ ကျ၊ အဲလေ ခုတင်ပေါ်မှာ ပဲ စံမြန်းနေကျဟဲ့ မှတ်ပြီလား၊ ဟွန်း"

ဒေါ်မာကြီးစကားကြောင့် ဦးဘမေးခေါင်းရှုပ်သွား၏။ ခုတင်ပေါ်မှာ ပိုက်ဆံကောက်ရတာရော၊ စံမြန်းတာရောနှင့် စုံနေတာကို။ ထို့ကြောင့် ခေါင်းကိုကုတ်ပြီး

"ငါ ပြောတာ အဲဒါ မဟုတ်ဘူး ဟ၊ ချုံထဲမှာ ငုံး ငုံး"

ဒေါ်မာကြီး မျက်မှောင်ကြုတ်သွားသည် ။

"ချုံထဲမှာ ငုပ် ဘာကိစ္စကုပ်ရမှာ လဲ၊ ငါက ဘာဖြစ်လို့ ငုပ်ရမှာ လဲ၊ ရ

တ်ရတ်တော့ မလုပ်နဲ့ နော်၊ မာကြီးတဲ့ ၊ မာရင် မာကြီး၊ ပျော့ရင် ဖရဲသီး တဲ့ နော်၊ ဖရဲသီးက ရဲရဲကြီး၊ အဲလေ မာကြီးက ဘာကိစ္စငုပ်ရမှာ လဲ”

“ငုပ်ရမှာ မဟုတ်ဘူး ၊ ငုံး ငုံး စားတဲ့ ငုံး”

“ငုံး”

ဒေါ်မာကြီးခန္ဓာကိုယ် ဖရဲသီးကြီးတောင့်သွား၏။ သူလည်း ငုံးကို စိတ်ဝင်စားပုံပေါ်သည် ။

“ငုံး ဟုတ်လား၊ ဝယ်စားရမှာ လား”

“ဟယ် ဝယ်စားရမှာ မဟုတ်ဘူး ၊ ဖမ်းစားရမှာ ”

ဦးဘမေ့းစကားကြောင့် ဒေါ်မာကြီး သူ့နှုတ်ခမ်းကို လျှာကြမ်းကြီးနှင့် သပ်ပြီး ဂလုခနဲမျိုချလိုက်သည် ။ သူလည်း ငုံးကြော်ကြိုက်သည့်အထဲ နံပါတ်တစ်ဂဏန်းဝင် ဖြစ်ပေလိမ့်မည်။ ဒေါ်မာကြီး စိတ်ဝင်စားသွားမှန်း သိ၍ ဦးဘမေ့းက တွန်းပြီး

“အဲဒါပြောတာ၊ ငုံးဖမ်းရအောင်လားလို့ ”

“ဟင် ဘယ်မှာ ဖမ်းရမှာ လဲ”

“တို့ အိမ်နောက်ဖေးကချုံမှာ ”

“ဟင် ရှင်တို့ အိမ်နောက်ဖေးကချုံ”

ဒေါ်မာကြီး အံ့အားသင့်သွားသည် ။ နောက်ဦးဘမေ့းကို ဇဝေဇဝါကြည့်သည် ။

ဦးဘမေ့းက မျက်နှာကို တကယ်တည်ရင်း

“ဟုတ်တယ်၊ တို့ အိမ်နောက်ဖေးကချုံမှာ ငုံးရှိတယ်”

ဒေါ်မာကြီး ဦးဘမေးကို နှံ့စပ်စွာလိုက်ကြည့်သည် ။ နောက်မှ သက်ပြင်းချ၊ ခန္ဓာကိုယ်ကိုနွဲ့ချလိုက်ပြီး

"ဟုတ်ရင်ဟုတ်ပေ့ါ၊ မဟုတ်လို့ ကတော့ အားကိုးပစ်လိုက်မှာ နော်၊ တကယ်အားကိုးပစ်လိုက်မှာ ။ တစ်သက်လုံး လုပ်ကျွေးပေရော့ ဖြစ်သွားမယ် ဟွန်း"

"ဟယ် လင်တကလည်း ရှူးသေး"

ဦးဘမေး စိတ်ထဲမှ ပင်ရေရွတ်လိုက်မိသည် ။ အပြင်ထုတ် ရေရွတ် လိုက်ပါက သူငုံးဖမ်းဖို့ အစီစဉ် ပျက်သွားမှာ ကိုး။ ထို့ကြောင့်

"အင်းပါ၊ နောင်ခါလာနောင်ခါချေးပေ့ါ"

"ဟင် တို့ က ချေးကြီးတယ်၊ တစ်သက်လုံးလုပ်ကျွေးရမှာ "

ဦးဘမေး ဒေါ်မာကြီးကို အဖော်ညှိမိတာတောင် မှားပြီထင်မိ၏။ သို့ သော်တစ်သက်လုံး လုပ်ကျွေးရမှာ က နောက်၊ ငုံးဖမ်းဖို့ က အရင်ကိုး။

"ထား၊ ထားလိုက်ပါ၊ အခု အခု ငုံးဖမ်းဖို့ သာ ကူညီပေးပါ"

"ဟုတ်ရင်ဟုတ်ပေ့ါ၊ မဟုတ်လို့ ကတော့ တစ်သက်လုံး အားကိုးပစ် လိုက်မှာ နော်"

ဆိုကာ ထလိုက်လာ၏။

*

ချုံကလေး၏ ခွေးတိုးပေါက်ထဲတွင် ဦးဘမေးနှင့် ဒေါ်မာကြီးတို့ လေးဖက်ထောက်၍ ခေါင်းချင်းဆိုင်နေသည် ။

ဦးဘမေး၏ မျက်လုံးများက ငုံးဘယ်ကထွက်လာမလဲဟူ၍ ဂနာမငြိမ်ရှိလှသော်လည်း ဒေါ်မာကြီး၏ မျက်လုံးများက ချစ်ရည်ရွှန်းလဲ့စွာ ဦး

ဘမေး၏ နဖူးပေါ် ငြိမ်သက်နေ၏။

ရှံဖန်ရှံခါ၌ လည်း လျှာကြမ်းကြီးထွက်လာကာ သူ့နှုတ်ခမ်းသူသပ်ပြီး ဂလုခနဲ မျိုချသေး၏။

ဦးဘမေး၏ ဒုက္ခကလည်း မသေးလှ။ မျက်နှာချင်းဆိုင်တည့်တည့်တွင် အဆီပျံ့ မိန်းမကြီးမျက်နှာမှ အပေါစားသနပ်ခါးနံ့က ချွေးညှော်နံ့နှင့်ပေါင်းပြီး သူ့နှာဝသို့ ဆောင့်ဆောင့်ဝင်လာတာကိုး။ ဟိုတစ်နေ့က ဟိုကောင်၏ အနောက်ပြောင်းဝမှ ထွက်သောအနံ့ထက် မညံ့သော ရနံ့တို့ကို ခံစားနေရသည် ။

ကြာတော့လည်း သည်းမခံနိုင်တော့။ ပွင့်ပွင့်လင်းလင်းပင် ဖွင့်မေးလိုက်တော့၏။

"မသိလို့ မေးပါရစေ"

"မေး"

ဒေါ်မာက နာမည်နှင့် ဆန့်ကျင်ဘက် နွဲ့နွဲ့ကြီးပြောသည် ။

"တစ်ပတ်မှာ ရေချိုးဖို့ ဘယ်နှခါစိတ်ကူးဖြစ်လဲ"

"သုံးခါ"

"ဘယ်နှခါ အကောင်အထည်ပေါ်လဲ"

"တစ်ခါလောက်"

တစ်ခါတောင် အပြည့်အဝဟုတ်ပုံမရ။ ဖြေပုံကိုက တစ်ခါလောက်တဲ့ ။

"တစ်ခါမှာ "

"ဘုရား၊ တရား၊ သံဃာ"

“ဘယ်လို”

“သုံးခွက်ချိုးတယ်လို့ ပြောတာ၊ အပေါ်တစ်၊ အလယ်တစ်၊ အောက်တစ် ခစ် ခစ် ခစ်”

သူ့ဘာသာသူပြောပြီး သဘောကျနေသေး၏။ နောက် ဒေါ်မာမှ ပင်ဆက်၍

“နွေရာသီတအားပူရင်တော့ မိဘဆရာပေါင်းပြီး ငါးခွက် နွေရာသီဆို သွားလည်း တိုက်တယ်”

“ဝေါ့”

ဦးဘမေး အန့်ပင်အန့်ချင်မိသွား၏။ မိန်းမရင့်မာကြီးဖြစ်ပါလျက် နွေရာသီမှ သွားတိုက်တာဆိုတော့ စဉ်းစားသာကြည့်။

သူ့ယောက်ျား ဦးကတောင် စောစောစီးစီး သေပစ်လိုက်တာ ထိုအကြောင်းတွေလည်း ပါပေလိမ့်မည်။

စဉ်းစားကြည့်လေ။ ဒီလိုမိန်းမမျိုးနှင့် ညားလျှင် လူမသေလျှင်တောင်၊ ပန်း၊ အင်း ပန်းခွေလေးတော့ ကြိုဆောင်ထားရမှာ ကို ပြောတာပါ။ အဲဒီပန်းတွေသေတော့လည်း အခွေလိုက်ကြီးပေ့ါ၊ ပန်းသေအခွေ။

“ဘာဖြစ်လို့ ရေမချိုးတာလဲ”

“ဝါသနာမပါလို့ ”

“အင်း”

ရေချိုးတာ ဝါသနာနှင့်ဆိုင်လား သူမခွဲခြားတတ်။ ဘောလုံးကန်တာ ၊ ကြက်တောင် ရိုက်တာသာ ဝါသနာနှင့် ဆိုင်မှန်းသိ၏။ သူခေါင်းရှုပ်သွား၏။

“ဒါနဲ့ သူက”

“ရှူး”

သူကတွေဘာတွေဖြစ် လာပြီး ဦးဘမှေး နှုတ်ခမ်းပေါ်လက်တင်ပြီး ဟန့်တားလိုက်ရသည် ။ ကြာလာလျှင် ပိုးစိုးပက်စက်ကို ဆိုးလာနိုင်သည် ကိုး။

ထို့ကြောင့် မသိချင်ယောင်ဆောင်ကာ အသာငြိမ်နေလိုက်သည် ။

“ကလု၊ ကလု၊ ကလု”

“ဟော”

ထိုအသံကြားတော့ ဦးဘမှေး ခေါင်းထောင်သွားသည် ။

“ငုံး ငုံးတိုးပြီ”

ငုံးတိုးသံက ဒေါ်မာကြီး ဗိုက်အောက်ဆီက

“ကလု ကလု ကလု”

သေချာပြီ။ ငုံး လာပြီ။ ဦးဘမှေး အားတက်သွားသည် ။ ထို့ကြောင့် ဒေါ်မာကြီး ဗိုက်အောက် လိုက်ချောင်းသည် ။ ဒါကို ဒေါ်မာကြီးက မျက်မှောင်ကြုတ်၍

“ဘာလိုက်ချောင်းနေတာလဲ၊ အားကိုးပစ်လိုက်မှာ နော်”

ဆို ၍

“အာ ဘာတွေလာပြောနေတာလဲ၊ ခုနက ကလု ကလု အော်သံမကြားဘူးလား”

ဒေါ်မာကြီး ခေါင်းထောင်သွားသည် ။

"ကြားသားပဲ ဘာဖြစ်လို့ လဲ"

ဦးဘမေး အားတက်သရောနှင့်

"အဲဒါ ငုံး ငုံးအော်သံ"

ထိုတော့မှ ဒေါ်မာ ဦးဘမေးကို ဝေ့ခနဲကြည့်ပြီး

"အာ ဘယ့်နှယ်ငုံးရမှာ လဲ။ မနက်က ဝမ်းနှုတ်ဆေးစားထားတာ အခုမှ အစွမ်းပြပြီး ဗိုက်ထဲက ကလုကလု မြည်လာတာ"

"အု"

ဦးဘမေး နင်သွားသည် ။ ရေမချိုးသည့်မိန်းမကြီး ဝမ်းနှုတ်ဆေးစားထားတာ ဆိုတော့ စဉ်းစားသာကြည့်။ ဒါတောင်သူက မလျှော့သေးဘဲ

"နင့်ဟာ ဟုတ်ရဲ့ လားဟာ၊ ငါထင်တာ ငုံးဆူတာထင်တာပဲ"

"အာ ဝမ်းနှုတ်ဆေးစားထားလို့ ပါဆို၊ မယုံရင် လက်တွေ့ဆောင့်ကြောင့်ထိုင်ပြီး ပုံပြလိုက်ရမလား၊ ကြက်သီးတောင်ထ လာပြီနော်၊ မာကြီးတို့ က နာမည်သာမာကြီး ဒါမျိုးက အပျော့၊ အီးမထွက်ရင် ဖီးမတက်လို့ ဝမ်းနှုတ်ဆေးစားထားတာ ဒါမျိုးဝါသနာပါလွန်းလို့ "

"ဝေ့ါ ထွီ"

ဦးဘမေး ယခုမှ တကယ်ရွံ့သွားသည် ။ ထို့ကြောင့်

"တော်ပြီဟာ၊ ဒီငုံးကို နင်ရေချိုးရက်ရောက်မှ ပဲ ဖမ်းတော့မယ်၊ ဒီနေ့တော့ တော်ပြီ"

ဟု ဆို၍ ချုံထဲမှ အထွက် ဒေါ်မာကြီးကလည်း ချုံထဲမှ တိုးထွက်ကာ ဦးအမေးကို ပြေးဖမ်းပြီး

"ဟယ် ဒုက္ခပဲ၊ ဒုက္ခပဲ၊ ဟိုမှာ လူတွေမြင်ကုန်ပြီ လူတွေမြင်ကုန်ပြီ ဘယ်လိုလုပ် ကြမလဲဟင်"

ဒေါ်မာကြီး၏ အလောတကြီးစကား။ ဒါကို ဦးဘမေးလည်း ပျာပျာသလဲဖြစ်သွားပြီး

"ဟင် ဘယ်မှာ လဲ၊ ဘယ်မှာ လဲ၊ ဘယ်သူတွေမြင်ကုန်လို့ လဲ"

အနီးနားဝေ့ကြည့်တော့ ဘယ်သူမှ မရှိ။ ထို့ကြောင့် ဒေါ်မာကြီးကလည်း မရ။ ဦးဘမေးလက်ကို အတင်းပြန်ဆွဲသည် ။

"အာ ဘယ်မှာ ဘယ်သူရှိလို့ လဲ၊ ဘယ်သူမြင်လို့ လဲ"

သူ့စကားကို ဒေါ်မာကြီးကလည်း အပိုင်ရထားသောဘိုးတော်ဂဏန်းကို ဘိုင်သေအောလိုက်သော ဟန်မျိုးဖြင့်

"မြင်တယ်ဆို မြင်တယ်၊ ခုနက ခြံဘေးနားက ရပ်ကွက်လူကြီးရော၊ အရပ်ထဲကလူတွေရော အားလုံးဖြတ်သွားတာ မြင်လိုက်တယ်၊ သူတို့တွေ မြင်ကုန်ပြီ၊ ဘယ်လိုလုပ်ကြမှာ လဲ၊ ရှင်နဲ့ ကျွန်မ နာမည်တော့ပျက်ပါပြီ၊ ယူမှ ကို ဖြစ်တော့မှာ "

"ဟင်"

ဒေါ်မာကြီး စကားကြောင့် ဦးဘမေး ခေါင်းနပန်းကြီးသွား၏။

"ယူမှ ကို ဖြစ်တော့မှာ "တဲ့ ။

ဘာမှ လည်း မဘာရပါပဲနဲ့ ဒီနံနံစော်စော် မိန်းမကြီးတော့ သူကမယူချင်။ ထို့ကြောင့် အတင်းဆွဲထားသောလက်ကို မရမကဆွဲဖြုတ်ပြီး

"ဟယ် ဘာဆိုင်လို့ ယူရမှာ လဲ၊ နင်နဲ့ ငါက ဘာဆိုင်လို့ ငါကယူရမှာ လဲ။ သွား သွား ကိုယ့်အိမ်ကိုယ်ပြန်"

ဆိုကာ အတင်းနှင်လွှတ်သည် ။ ဒါကို ဒေါ်မာကြီးကလည်း အလကားရထားသော နွားကို ချည်တိုင်က အလွှတ်မခံပဲ

“အို လူသိရှင်ကြားဖြစ်ကုန်မှ တော့ ကျွန်မရှက်တယ်၊ ကျွန်မရှက်တယ်၊ ဟောဒီမှာ ကြည့်ကြပါဦးရှင့် လူတွေမြင်ကုန်ပြီ၊ လူတွေမြင်ကုန်ပြီ”

ဒေါ်မာကြီး အော်သံကျယ်ကျယ်၊ ဆလူးက အိမ်ထဲမှ ပြေးထွက်လာသည် ။

“ဟင် ဖေမေ့း၊ ဖေမေ့း ဘာဖြစ်တာလဲဟင်”

“ဟော ဟော ရှင့်သမီး မြင်သွားပြီ၊ ကျွန်မရှက်တယ်၊ ကျွန်မရှက်တယ်၊ ယူမှ ကိုဖြစ်တော့မယ်၊ ယူကိုယူရတော့မှာ ”

ဒေါ်မာကြီး၏ အားတက်သရောအော်သံ။ ဦးဘမေ့း ဒေါ်မာကြီး ဆွဲထားသော လက်ကိုအတင်းဖြုတ်ပြီး

“ဟာ သမီးမြင်မှာ ပေ့ါ၊ နင်က ဇွတ်အော်နေတာကိုး”

“ဘယ်မှာ အော်လို့ လဲ၊ ဘယ်မှာ အော်လို့ လဲ အရပ်ကတို့ ရေ၊ ဒီမှာ ကျွန်မနဲ့ ကိုကိုဘမေ့း ချုံထဲဝင်တာ လူတွေမြင်ကုန်ပြီတော့၊ ကျွန်မရှက်ကုန်ပြီတော့”

“ဟယ်”

ဒေါ်မာကြီးအော်သံက ပိုကျယ်လာသည် ။ ရှက်တယ်လည်း ပြောသေး အသံလည်း ပိုကျယ်လာသေး။ သူ့အော်သံကြောင့် အရပ်ထဲမှ လူတစ်ယောက်စ နှစ်ယောက်စမှ နေ၍ ဝိုင်းလာကြသည် ။

“ဟဲ့ ဟဲ့ ဦးဘမေ့းနဲ့ ဒေါ်မာကြီးတို့ ဘာဖြစ်ကြတာလဲ”

“မသိဘူးလေ၊ လူတွေမြင်ကုန်လို့ ဒေါ်မာကြီးက ရှက်တယ်တဲ့ ”

"ဟယ် ဒါ ဒါ ဆို ဟိဟိ ဟဟ္ဟပဲ ဖြစ်မှာ ပေ့ါ"

လူတွေက တစစနှင့် များ လာသည် ။ ဒါကို ဒေါ်မာကြီးက ဝမ်းသာအားရဖြင့်

"တွေ့လား၊ တွေ့လား တစ်ရပ်ကွက်လုံးမြင်ကုန်ပြီ၊ ကျွန်မရှက်တယ် ၊ ကျွန်မရှက်တယ်၊ ယူမှ ကိုဖြစ်တော့မှာ ၊ ဟိဟိ အဲလေ အဟင့် အဟင့်"

ဝမ်းသာအားရကို ငိုယောင်ပြုတော့၏။ ဦးဘမေးလည်း မည်သို့ရှင်းပြရမည်မသိတော့။

"ကိုတင်မောင် ရှင်မြင်တယ်နော်၊ ဦးတည်ဆွေ ရှင်ရော တွေ့တယ်မဟုတ်လား၊ ဒေါ်ကလယ် ရှင့်မျက်စေ့နဲ့ တပ်အပ်မြင်တာနော်၊ ဒေါ်ဘုမ လက်ပူးလက်ကြပ်ကြီးဟုတ်၊ ကိုဆင်"

ဟူ၍ လာသမျှလူအားလုံးကို သက်သေထူနေတော့၏။ လာသမျှလူကလည်း ယောင်နနနှင့် ခေါင်းညိတ်ရ၏။ ဒါကို ဦးဘမေးကလည်း

"ဟယ် ဘယ်မှာ မြင်လို့ လဲ၊ နင်အော်လို့ ဒီလူတွေရောက်လာတာကို"

"အို မရဘူး၊ မရဘူး၊ လူတွေမြင်ကုန်ပြီ၊ ကျွန်မရှက်တယ် ရှက်တယ်"

ဘယ်လိုမှ ရှင်းပြ၍ မရ။ ဘာလုပ်လို့ လုပ်ရမှန်းလည်း မသိ။ လက်ကိုပဲ မလွှတ်တမ်းဆွဲထားသည် ကိုး။

ထိုစဉ်

"ဟော့ ဟော့ ဘာဖြစ်နေကြတာလဲ။ ဘာဖြစ်နေကြတာလဲ"

ရပ်ကွက်လူကြီး။

ရပ်ကွက်လူကြီးကိုမြင်တော့ ဦးဘမေးရော ဒေါ်မာကြီးပါတစ်ယောက်တစ်မျိုး အားတက်သွားကြသည် ။ ဦးဘမေးက သူဦးစေရန်

"လုပ်ပါဦး၊ အရပ်လူကြီးရယ်၊ ဟော ဟော ဒီဟာကြီးက"

သူ့စကားမဆုံးလိုက် ဒေါ်မာကြီး အသံပြဲကြီးနှင့် အော်တက်ပြန်သည်။

"ဟယ် ရပ်ကွက်လူကြီးပါ မြင်သွားပြီ၊ ဒါဆို လူစုံပြီ၊ တစ်ခါတည်း လက်မှတ်ပါ ထိုးလိုက်တော့မယ်၊ ကျွန်မရှက်တယ်၊ ကျွန်မရှက်တယ်၊ ဘောပင်ပါလားဟင်၊ ဘောပင်ပေး၊ ဘောပင်ပါတယ် မဟုတ်လား"

"ပါတယ်၊ ပါတယ်၊ အာ နေကြစမ်းပါဦး၊ ဘာတွေဖြစ်ကြတယ်၊ ဘယ်ကနေစဖြစ်တယ်ဆိုတာ ပြောပါဦး"

"ဟီး"

အရပ်လူကြီး စကားမဆုံးမီ ဒေါ်မာကြီး၏ ငိုသံလွင်လွင်ကြီး အရင်ကြားရသည်။ ထို့နောက်

"ဟီး ဟောဒီလူကြီး ကိုကိုမှေးပေ့ါ။ လွန်ခဲ့တဲ့ နှစ်ပေါင်း မြောက်မြားစွာထဲက သူ့မျက်လုံးရွဲကြီးနဲ့ "

ဒေါ်မာကြီးစကားကြောင့် ဦးဘမှေး၏ မျက်စိဟု အမည်တွင် သော ဘုရားစူးမျက်စိကို လိုက်ကြည့်ကြသည်။ ထိုနှမ်းစေ့လောက်မျက်စိက ဘယ့်နှယ်ရွဲကျလာမှန်း မည်သူမှ မစဉ်းစားတတ်။

ဒေါ်မာကြီးက အမှုကြီးအောင် ထပ်ဆင့်သည်။

"မျက်လုံးရွဲကြီးနဲ့ ကြည့်ခဲ့တာပါ။ လွန်ခဲ့တဲ့ သုံးနှစ်ကတည်းက ကျွန်မ အိပ်ရာထဲ ကပိုကယိုလေးအိပ်နေတုန်း သူပုဆိုးကြီးမပြီး အိမ်ပေါ်တက် လာပြီး"

"ဘာ ဘာ လုပ်သွားလဲဟင်"

“ပုဆိန်ငှားသွားတာပါ”

“ဟယ် ပုဆိန်ငှားတာများ ၊ ငါက အတ္တာလားလို့ ”

“အေးလေ ငါက အတ္တာဖြစ်ပြီလို့ သေချာပေါက် တွက်နေတာ”

ဒေါ်မာကြီးက စကားဆက်သည် ။

“အဲဒါက တစ်ကြိမ်၊ ပြီးခဲ့တဲ့ နှစ်လလောက်ကမှ တကယ်ဖြစ်ခဲ့တာပါ”

“ဟာ ဒီတစ်ကြိမ် စိတ်ဝင်စားဖို့ ကောင်းပြီဟေ့”

“ကောင်းခန်းရောက်ပြီ မိန်းမရေ”

အားလုံးက ဒေါ်မာကြီးစကားကိုသာ စိတ်ဝင်စားနေကြသည် ။

“ပြီးခဲ့တဲ့ နှစ်လလောက်ကလည်း ကျွန်မအိပ်ရာထဲ ကပိုကယိုလေး အိပ်နေတုန်း”

“ဟယ် အိပ် အိပ်နိုင်လွန်းတယ်”

“ကျွန်မအိပ်နေတုန်းမှာ သူပုဆိုးကြီးမ၊ အိမ်ပေါ်တက် လာပြီး ခြောက်လက်မလောက်ရှိတဲ့ ဟာကြီး ထုတ်ပြပြီး”

“ဟဲ့ ဘာကြီးလဲ”

“ဓား ဓားပါတော်၊ သပြေပင်ခုတ်ချင်လို့ ငါ့ဓားကတုံးနေလို့ ခြောက်လက်မလောက်ရှိတဲ့ ကျွန်မ”

“ဟဲ့ ဘာတုန်းဟဲ့ အလန့်တကြား”

“ကျွန်မဓား လာငှားတာပါရှင်”

“ဟယ် နင့်ဟာကလည်း မရှင်း မရှင်း”

“ရှင်တို့ က စကားကို ခွဲခွဲပြီးနားထောင်တာကိုး အဟင့်”

“အဲ အဲဒီတော့”

“ဟီး ပြောရမှာ လည်း ရှက်ပါတယ်ရှင်၊ ရှက်လည်း ရှက်နိုင်ပါဘူး၊ ခုနလေးကတင် သူက ကျွန်မအိမ်ကိုရောက် လာပြီး မာကြီး ချုံတိုးရအောင်တဲ့ ၊ ဟီး”

အားလုံးမျက်လုံးက ဦးဘမေးဆီပြန်ရောက်လာသည် ။ နောက် ကျွတ်စီ ကျွတ်စီအသံများက

“ဟယ် ဒီအသက် ဒီအရွယ်မှ ”

“ဟုတ်ပ့ါ၊ မငယ်မကြီး”

“မကြီးမငယ်လုပ်ပါ။ အမူကြီးကုန်ပါဦးမယ်”

“ခြောက်လကျွလောက်ရှိတဲ့ ”

“တော်ပါ၊ ကောင်းခန်းရောက်ပြီ၊ ချုံထဲမှာ ဟိဟိ”

လူတွေစိတ်ဝင်စားလေ ဒေါ်မာကြီး ပိုငိုကောင်းလေ ဖြစ်နေလေပြီ။

“ဟီး အဲဒါ ကျွန်မမတိုးချင်ဘူးဆိုတာကို သူကတိုးပါတဲ့ ။ ကျွန်မတိုးချင်ဘူး၊ သူကတိုးပါ၊ ကျွန်မက နှစ်ခါမခေါ်ရဘူး စိတ်ပါပြီး”

“အညာကလည်း လွယ်ပ့ါ”

“အေးလေ၊ ဒါမျိုး ဆိုက်ကားနဲ့ ခေါ်တောင်လိုက်တယ်”

“အဲ အဲဒါနဲ့ ကျွန်မက ရိုးရိုးသားသားမှတ်ပြီး ချုံထဲတိုးတာ၊ ချုံထဲတိုးတာ၊ ချုံထဲရောက်မှ ငုပ် ငုပ်ဆိုပြီး အို ပြောရမှာ ရှက်တယ်၊ ရှင်တို့ ပဲစဉ်းစားကြည့်၊ ပြီးတော့ သူပြောသေးတယ်၊ ရေချိုးပြီးတစ်ခါ”

“ဟယ် သွက်ပ့ါ”

“မထင်ရဘူးနော်”

“မျက်စိသာမှေးတာ၊ ဒါမျိုးကျ အပြူး”

“ဟဲ့ မပြူးရအောင် ဆောင်းတွင်းမှ မဟုတ်တာ”

လူတွေ ကျွတ်စီကျွတ်စီ ဖြစ်ကုန်၏။ ဦးဘမှေးကိုကြည့်လိုက်၊ ဒေါ်မာကြီးကို ကြည့်လိုက် ဖြစ်နေသည် ။ ဒေါ်မာကြီးကလည်း အိုက်တင်ကောင်းသည် ။

“ဘောပင်ပါလားဟင်၊ ဘောပင်၊ တစ်ခါတည်း လက်မှတ်ထိုးလိုက်ရအောင်၊ လူစုံတုန်းလေးမို့ပါ”

ဟူ၍ ဘောပင်ပင်ငှားနေပြီ။ သူတို့ ကိုကြည့်၍ ရပ်ကွက်လူကြီးက

“အင်း ခင်ဗျားတို့ ကလည်း မကြီးမငယ်နဲ့ ။ အိမ်ပေါ်မှာ အေးအေးဆေးဆေး ခုတင်နဲ့ ”

“ကျွန်မလည်း ပြောပါသေးတယ်”

အောင်မှတ်ကိုးဆယ်ရ ဒေါ်မာကြီးက ဝင်ထောက်သည် ။ ရပ်ကွက်လူကြီးက ဆက်၍

“ခုတင်နဲ့ ဆွေးနွေးလို့ ရတဲ့ ဟာကို အခုတော့ လူကြားမကောင်း၊ သူကြားမကောင်း ချုံထဲမှာ ဆိုတော့၊ အေးလေ ဖြစ်ပြီးတာလည်း ဖြစ်ပြီးပြီဆိုတော့”

“ဘောပင်ပေး ဘောပင်ပေး လက်မှတ်ထိုးရတော့မှာ ”

ကိုးဆယ့်ကိုးဒသမလေးသုံး အောင်မြင်ပြီဖြစ်သော ဒေါ်မာကြီးအားတက်နေသည် ။

“ကဲ ကိုဘမေး ခင်ဗျား ဘာပြောချင်သေးလဲပြော”

ရပ်ကွက်လူကြီးက ဦးဘမေးကို လှည့်မေးသည် ။ ထိုတော့မှ ဦးဘမေးက အသက်ကို ခပ်ပြင်းပြင်းရှူပြီး

“လေးစားအပ်ပါသော ရပ်ကွက်လူကြီးနှင့် မြို့မိမြို့ဖအပေါင်းတို့ ခင်ဗျား၊ ယခုအမှုအခင်းမှာ ကျွန်တော်တရားခံဘမေးနဲ့ တရားလိုဒေါ်မာတို့ ချုံတိုးခဲ့တယ်ဆိုတာ မှန်ပါတယ်”

“ဘောပင်ပေး၊ ဘောပင်ပေး”

“ချုံထဲမှာ ဘယ်သူမှ မမြင်ခဲ့ရတဲ့ အတွက် တရားလိုဒေါ်မာဖက်က ပြောသမျှသာ ယုံကြမယ်ဆိုတာလည်း ယုံကြည်မိပါတယ်”

“ဘောပင် ဘောပင်”

“သူနဲ့ ကျွန်တော် ချုံထဲမှာ တစ်ခုခုဖြစ်ခဲ့တယ်ဆိုရင် တစ်ခုပဲ တောင်းဆိုခွင့်ပြုပါ”

“တောင်းဆိုစေဗျား၊ တောင်းဆိုပါ”

ရပ်ကွက်လူကြီးကခွင့်ပြုသည် ။ ဦးဘမေးက တည်ငြိမ်သောလေသံဖြင့် ဒေါ်မာကြီး ဘက်ညွှန်ပြရင်း

“သူ့ ခန္ဓာကိုယ်ပေါ်မှာ ကျွန်တော့်လက်ဗွေရာ ရှာပေးပါ”

“အု”

ဦးဘမေးစကားကြောင့် ဘောပင်အဖုံး သွားနှင့်ကိုက်ဖွင့်နေသော ဒေါ်မာကြီး ဘောပင်အဖုံးပါ မျိုချမိသွားသည် ။ ဦးဘမေးမှ ဆက်၍

“အကယ်၍ များ သူ့ ခန္ဓာကိုယ်ပေါ် ကျွန်တော့်လက်ဗွေရာ တစ်စုံတစ်ရာရှိခဲ့ရင် ဒီကိစ္စကို တာဝန်ယူဖြေရှင်းမှာ ဖြစ်ပြီး၊ သူ့ခန္ဓာကိုယ်ပေါ်

ကျွန်တော့်လက်ဖွဲ့ရာ မရှိရင် တော့”

သူ့စကားပင်မဆုံးလိုက် ဒေါ်မာကြီး ဦးဘမှေးကိုဆွဲထားသောလက်ကို ဆတ်ခနဲလွှတ်ချပြီး ဘောက်ဆတ်ဘောက်ဆတ်နှင့် ထွက်သွားလေတော့သည် ။

ထိုတော့မှ လူအားလုံးလည်း သဘောပေါက်ပြီး

“ရှီး ... ဖြောင်း ... ဖြောင်း.... ဖြောင်း”

ဩဘာသံများ စီညံသွားသည် ။

ဟုတ်ပ့ါ။ ချုံထဲတွင် ဦးဘမှေးက တစ်ခုခု ဗရုတ်ဗယက်လုပ်ခဲ့လျှင် ဒေါ်မာကြီး ခန္ဓာကိုယ်တစ်နေရာရာလက်ဖွဲ့ရာတော့ ကျန်မည်ပဲလေ။ ယခုတော့ ဦးဘမှေးက သူ့အကျင့်သီလနှင့် သန့်စင်ကြောင်း လက်ဖွဲ့ရာ စစ်ဆေးခိုင်းခြင်း တစ်ခုတည်းနဲ့ တင် လုံလောက်သွားပေပြီ။

ထိုအမှုတွင် ဦးဘမှေး နိုင်ပါသည် ။

သို့သော်

“ကိုကိုမှေး”

ကြားဖူးနေကျအသံ။ ဦးဘမှေး ကြက်သီးများ ပင် ထသွား၏။ ကမန်းကတန်း

လှည့်ကြည့်လိုက်တော့ ဟုတ်သည် ။ အထုပ်အပိုးများ နှင့်

“ကျယ် ကျယ်”

သူ၏ ပျောက်ဆုံးနေသော ချစ်ဇနီး အာကျယ်၊ သူဝမ်းသာသွားသော်လည်း

“ဟင် ရှင် ရှင်က ဒီလိုတောင် ဖြစ်နေပြီပေ့ါလေ”

“ဟင် ဘာဖြစ်လို့ လဲ”

“ဘာဖြစ်ရမှာ လဲ၊ ရှင်က ကျွန်မမရှိတုန်း တခြားမိန်းမနဲ့ ချုံတိုးနေတာပေါ့လေ”

“အဲ အဲဒါက”

“ရှင့်လုပ်ပေါက် ကျွန်မသိတယ်၊ ရှင့်ရွာက ကောက်ရိုးပုံအကျင့်တွေ မပျောက်သေးဘူးပေါ့လေ ဟုတ်လား”

“တစ် တစ်ခါတည်းပါ”

“တော်၊ ကျွန်မက ကျွန်မဘဝပေါ် ရှင့်ကိုပုံအပ်ဖို့ ယုံမှတ်လို့ ရှာခဲ့တာ၊ ရှင် ရှင်က”

“ရှင်း ... ရှင်းပြပါရစေ ကျယ်၊ ဆလူး ... ဆလူး မင်းမေမေ”

ဆလူးကလည်း အနားမှာ ရှိမနေ။

“တော်ပြီ၊ ဘာမှ ရှင်းပြမနေနဲ့ ။ ရှင့်အပေါ်မှာ ထားတဲ့ သစ္စာတရားတွေအားလုံး ရေစုန်မျှောလိုက်ပြီ၊ သွားပြီ၊ ကျွန်မကို ရှင်လိုက်မရှာနဲ့ ”

အဖြစ်အပျက်ကမြန်သည် ။ ဒေါ်အာကျယ် အိမ်ရှေ့၌ ရပ်ထားသော မြင်းလှည်းနောက် ခြေနင်းခုံပေါ် တက်လိုက်သည် ။ သူလည်း ခြေနင်းပေါ် ဆောင့်ကြောင့်ထိုင်ရော မြင်းလှည်းကလည်း ဖျတ်ခနဲ ခုန်ထွက်သွားသည် ။

“ကျယ် ကျယ်”

သူ့ခေါ်သံမကြားတော့။ ခြေလှမ်းတွေသာ ယိမ်းယိုင်သွား၏။ ပြေးလိုက်၍ လဲ မမီတော့။ သူက မြင်းလောက်မှ မပြေးနိုင်တာ။ ဘယ်လိုမျှော်လင့်ချက်မရှိတော့မှ အိမ်ဘက်သို့ ခြေလှမ်းပြန်လှည့်သည် ။ သွားပြီ

၊ သူ့မျှော်လင့်ချက်များ ရေစုန်မျောခဲ့ချေပြီ။ အနှစ်နှစ်အလလကို မျှော်လင့်ခဲ့သော ရည်မှန်းချက်များ သူ့ခြေများ လို ယိုင်နဲ့ ခဲ့လေပြီ။

"ကျယ်ရေ"

အကျယ်ကြီးအော်ပေမယ့် အာကျယ်မကြားနိုင်တော့။

*

အိမ်ပေါ်ပြန်အတက် သမီးဆလူးက ပူပူနွေးနွေးငုံးကြော်နှင့်ဧည့်ခံပါသည် ။

ငုံးကြော်ကိုမြင်တော့ ဦးဘမေုး မျက်မှောင်ကြုတ်သွားသည် ။

"ဟဲ့ ဆလူး"

"ရှင် ဖေမေုး"

ဦးဘမေုး ငုံးကြော်ကို လက်ညှိုးထိုးရင်း

"ဒီငုံးက"

"ဖေမေုးတို့ ချုံတိုးနေတုန်း ငုံးက အိမ်ပေါ်တက်လာတာလေ၊ အဲဒါကြောင့် အိမ်ပေါ်မှာ တင် ဆီးဖမ်းလိုက်တာ"

"ဟေ"

ဦးဘမေုး အံ့အားသင့်သွားသည် ။ နောက် မသက်သာသလိုဖြင့်

"ငုံးက အိမ်ပေါ်တက်လာတာ"

"အို ဖေမေုးကလည်း မယုံသလိုအသံနဲ့ ၊ အိမ်ပေါ်တက်လာလို့ သမီး ဖမ်းမိလို့ တောင် ကြော်ထားပြီးပြီမဟုတ်လား"

ဦးဘမေုး မကျေမနပ်ဖြစ်သွားသည် ။ နောက် ကြိတ်မနိုင် ခဲမရ အ

သံကြီးနှင့်

"ဂန်းမင့်း ငါချုံထဲတိုးတော့ သူက အိမ်ပေါ်တက်တယ်၊ ငါအိမ်ပေါ်က စောင့်ရင် သူ့ဘာသာသူ ဆီပူအိုးထဲ ခုန်ချသေမလားပဲ၊ တောက်"

"ခစ် ခစ် ခစ်"

သမီးဖြစ်သူ၏ ကြိတ်ရယ်သံကြားရ၏။

သို့သော် ငုံးကြော်ကို လျှာပေါ်တင်လိုက်သည် နှင့် ခုနက အဖြစ်အပျက်အားလုံး ခေါင်းထဲမှ လွင့်စင်ကုန်၏။

နှုတ်မှ လည်း ဗလုံးဗထွေးနှင့်

"ဟဲ့ ဆလူး၊ ခုနက မိန်းမကြီး ဘောပင်တောင်းတာ ဘာလုပ်ဖို့ တဲ့လဲဟေ"

*

"ဟော့ ဟော့ ကလေးတွေ သွားကြစမ်း"

"ဟဲ့ ဟိုဟာက ဘယ်သူ့ခွေးလဲ ခြံထဲဝင်လာတာ၊ ရှေးရှေး"

"ဟော့ ဟိုကောင်တွေ ငါ့ခြံနား ရစ်သီ ရစ်သီ လုပ်မနေကြနဲ့ စမ်း"

ထိုအသံမှာ ဦးဘမေး နေ့စဉ်အော်နေရသောအသံဖြစ်လာသည် ။

သူနှင့်ဒေါ်မာကြီး အမှုဖြစ်ပြီးသည် မှ စ၍ သူ့ခြံထဲမှာ ချုံကြီးမှ ငုံးထွက်သည့် သတင်းကြီးပြီး ကလေးအစ ခွေးအဆုံး ခြံထဲဝင်ဝင်လာ၍ မောင်းရသည် မှာ အမော။

ဟုတ်သည် လေ။ ကိုယ့်ရဲ့ စားခွက်တော့ မည်သူ့ကိုမျှ အနိုက်မခံနိုင် ။

ကံကြမ္မာကလည်း ရပ်ကွက်ဖက်မပါ။ ထိုချုံထဲမှ မည်သူတစ်ဦးတစ်ယောက်မှ ငုံးမရဘူးသေး။ သို့သော် မောင်ကူးနှင့် ဆလူး ချုံထဲဝင်သွားလျှင်တော့ ငုံးတစ်ကောင်ကောင်တော့ ရစမြဲ။

ယခုဆိုလျှင် သမီးဆလူးပင် ငုံးဖမ်း အတော်ကျွမ်းနေပြီ။ လိုချင်သည့် အရွယ်အစား၊ အထီးအမ လိုရာပြော ရအောင်သူဖမ်းပေးနိုင်သည် ။

နိုင်ငံတကာ ငုံးဖမ်းပြိုင်ပွဲရှိလျှင်တောင် သမီးဆလူးပင် ဗိုလ်စွဲပေလိမ့်မည်။ မောင်ကူးကတော့ သမီးဆလူးအတွက် ငုံးဖမ်းဘက်။ သူက ငုံးမင်းဂါထာတော်တွေ ဘာတွေ ရတယ်ဆိုပဲ။ (အမှန်တော့ ငုံးမင်းဂါထာကမီးကွင်းတာပါ။) မောင်ကူး ငုံးမင်း ဂါထာရွတ်လိုက်လျှင် ငုံးများက မနေနိုင်ပဲ ပြေးထွက်လာကြသည် ဆိုပဲ။

မည်သို့ပင်ဖြစ်စေ ဦးဘမှေးအတွက်ကတော့ နေ့စဉ် ငုံးတစ်ကောင်ကျ စားသုံးနေရ၍ အကျေနပ်ကြီး ကျေနပ်နေမိ၏။ ထမင်းစားပွဲပေါ်တွင် ငပိမပါလျှင်နေ ငုံးကြော်ပါလျှင် ကျေနပ်ပြီ။

“ဟေ့ ကလေးတွေ သွားကြစမ်း၊ သွားကြစမ်း၊ ဒီချုံကြီးနား မလာနဲ့လို့ ပြောထားလျက်နဲ့ ”

တစ်ဖက်က ကလေးများ လည်း မောင်းရသေး၏။ ဒီကြားထဲ တစ်ခါက ဒေါ်မာကြီးကလည်း ရေမိုးချိုးပြီး ဘောပင်လေးကိုက်ကာ

“ကိုမှေး ငုံးဖမ်းကြရအောင်နော်၊ ရေချိုးလာလို့ ”

ဟူ၍ လာစပ်တတ်သေး၏။ ဦးဘမှေးကလည်း သူ့အကြံကို သိ၍

“အို နေပါစေ၊ ဒါ ကျုပ်အလုပ် မဟုတ်ဘူး ၊ သမီးအလုပ်”

ဟု ဆို၍ ခပ်တင်းတင်းငြင်းထားရသည် ။

မငြင်း၍ မဖြစ်။ ဒီတစ်ခါ ချုံထဲ သူနှင့်ဝင်လျှင်တော့ လက်ဖွဲ့ရာ မရ ရအောင်ယူမည့် သဘောရှိသည် ။ ထို့ကြောင့် ဇာတ်လမ်း ထပ်မစရဲ။

*

"သမီးဆလူး"

"ရှင် ဖေမေး"

ဆလူးက နေ့ခင်းကြောင်တောင် ရေချိုး၊ သနပ်ခါးလိမ်းနေရာမှ ပြန်ထူးသည် ။ ဦးဘမေးက ပြောသင့်မပြောသင့် စဉ်းစားရင်း

"အေး ငါလည်း နေ့စဉ် ငုံးသားစားနေရတာ ကြိုက်တော့ ကြိုက်ပါရဲ့ ၊ ဒါပေမဲ့"

သူ့စကားရပ်သွား၏။ ဆလူး သနပ်ခါးသွေးလည်း ရပ်သွားသည် ။

"ဒါပေမဲ့ ဘာဖြစ်လို့ လဲ ဖေမေး"

"အေးကွယ်၊ တစ်ခါတလေ ငုံးမဟုတ်ပဲ ငုံးဥလေး စားချင်သလားလို့ "

"ခစ် ခစ် ခစ်"

ရယ်သံနှင့်အတူ သနပ်ခါးသွေးသံ မှန်မှန်ပြန်ကြားရသည် ။

"အဲဒါ ငုံးဥလေးများ "

"တစ်ရက်ကြိုမှာ ရင် ရတာပေါ့ ဖေမေးရဲ့ "

"ဘာ"

သမီးစကားကြောင့် ဦးဘမေး ကြောင်သွားသည် ။ ဒါကို ဆလူးက

"ဟို ဟိုလေ ငုံးတွေက ဘယ်မှာ ဥတာလဲမသိလို့ အဲဒါ တစ်ရက်

လောက် ကြိုရှာမှ ရမှာ လို့ ”

“အဲလိုလား”

ဦးဘမေး အံ့အားသင့်နေသည် ။ ငုံးဥက တစ်ရက်ကြိုရှာရသည် ဆိုတာကိုး။

“ရမှာ ကရော သေချာလို့ လား”

“ကြိုမှာ ရင်၊ အဲ ကြိုရှာရင်ရပါတယ်ဆို”

သမီး၏ စိတ်မရှည်သံနှင့်အတူ ကျောက်ပြင်သိမ်းသံပါ ကြားရ၏။

သိပ်မကြာခင် ငုံးကြော်နံ့သင်းသင်းလေး ရလာသည် ။

*

ချုံကလေးကား လှုပ်နေသည် ။

ဦးဘမေး ချုံလေးကို မမှိတ်မသုန် စိုက်ကြည့်နေသည် ။

သိပ်မကြာလိုက်ပါ။ ချုံထဲမှ အမောတကော ထွက်လာသည့် ဆလူး။

“ဖေမေး ငုံးဥတွေရ လာပြီ”

ဆိုကာ ငုံးဥများ သူ့ဆီယူလာ၏။ ငုံးဥအသံကြားတော့ ဦးဘမေး သားရည်များ ပင် ကျလာသည် ။

“မြန်မြန်လာဟဲ့ ဆလူးရဲ့ ”

အနားရောက်လာ၍ ကြည့်လိုက်တော့

“ဟင် ဒါ ဒါက”

“ငုံးဥလေ ဖေမေးရဲ့ ”

“ငုံးဥတော့ ငါသိတာပေါ့၊ နင့်ငုံးက ဘယ့်နှယ် ပလတ်စတစ်အိတ်နဲ့ ထုပ်ပြီး ဥတာတုန်း”

သူ့စကားကြောင့် ဆလူး မျက်နှာပျက်သွားသည် ။ နောက်မှ

“အို ဖေမေးကလည်း ဒီငုံးက ပလတ်စတစ်အိတ်ထဲ ဥထည့်ထားလို့ ပေါ့”

“ဟင် ငုံးက ပလတ်စတစ်အိတ်ထဲ ဥထည့်တယ်၊ ဒါဖြင့် ဒီပလတ်စ တစ်အိတ်က မီးနဲ့ ဘယ်လိုပြန်ပိတ်မှာ လဲ”

ဆလူးမျက်နှာ ပိုပျက်သွား၏။ သို့သော် မလျှော့။

“ဖေမေးကလည်း ဒါက ငုံးဥတွေ လွတ်မကျအောင် သမီးတို့ ပဲ မီးနဲ့ ပိတ်လာတာ”

“ဟဲ့ မီးကဘယ်ကရတာတုန်း၊ ချုံထဲမှာ က”

“ကိုမောင်ကူးနှာခေါင်းနဲ့ ပိတ်ခဲ့တာ ဖေမေးရေ၊ တကတည်း အမေး အမြန်းကထူပ့်”

ဟု ဆိုကာ ဘောက်ဆတ်ဘောက်ဆတ်နှင့် အိမ်ပေါ်တက်သွား၏။ ဦးဘမေးပင် ဇဝေဇဝါနှင့် ငုံးဥအိတ်ကို ဖောက်ပြီး

“မောင်ကူးနှာခေါင်းနဲ့ ပိတ်တယ်။ ဒီကောင့်နှာခေါင်းက ဒီလောက်ပူ လား။ ဘာလို့ ပူတာလဲ”

ဆိုကာ ငုံးဥကို ဖောက်စားလိုက်သည် ။

“အိ (စ်)”

ငုံးဥပါးစပ်ထဲရောက်သွားတော့ သူပိုအံ့အားသင့်သွားသည် ။ ထို့ကြောင့် ဆလူးနောက်ပြေးလိုက်ပြီး

“ဟဲ့ ဆလူး၊ နင့်ငုံးဥက ပြုတ်ထားပြီးသားကြီးဟ”

ဒါကို ဆလူးက မျက်နှာချင်း မဆိုင်လိုဟန်နှင့် အိပ်ခန်းတံခါးကို ဂျိမ်းခနဲပိတ်ပြီး

“သြော် ဖေမေးကလည်း ငုံးက မြေကြီးထဲဥပြီး ကြာလာတော့ ကျက်သွားတာပေါ့၊ တကတည်း”

“မြေကြီးထဲဥတာ၊ ခုနပြောတော့ ပလတ်စတစ်အိတ်ထဲဆို”

“မြေကြီးထဲက ပလတ်စတစ်ကို ပြောတာ မသိဘူး၊ မသိဘူး၊ ကိုယ့်ဘာသာကိုယ် စဉ်းစားယူ၊ ဒါပဲ”

ဟိုက စကားနည်းရန်စဲ လုပ်သွားသည် ။ ဦးဘမေးကသာ ပလုံစီရင်း ငုံးဥကိုဖောက်စားကာ အူကြောင်ကြောင်နှင့် ကျန်ခဲ့ရလေသည် ။

*

ချုံကလေးကိုကြည့်ပြီး ဦးဘမေး လိပ်ခဲတင်းတင်းဖြစ်နေသည် ။

ဤချုံကလေးမှ ငုံးဖမ်းလာသည် ကို သိပ်မထူးဆန်၊ ငုံးဥအပြုတ်ကို ပလတ်စတစ်အိတ်နှင့် အသေအချာထုပ်ပြီး ထွက်လာသည် ကတော့ ထူးဆန်းသည် ။

ငုံးကတော့ ဘယ်နည်းနှင့်မျှ ပြုတ်ပြီးသားမဥနိုင်။ မြေကြီးအပူရှိန်ကြောင့် ကျက်သွားတာတော့ ဖြစ်နိုင်သည် ။ သို့သော် ပလတ်စတစ်အိတ်နှင့် ထုပ်ပြီးသား ဥတာတော့ မဖြစ်နိုင်။

ဦးဘမေး ချုံကလေးကိုကြည့်ပြီး စိတ်လှုပ်ရှားနေသည် ။

“ဝင်ကြည့်လိုက်ရင် ကောင်းမလား”

ဝင်ကြည့်လိုက်လျှင် ငုံးတွေ ထွက်ပြေးသွားမှာ လည်း ကြောက်ရ

သေး၏။ ဒီအတိုင်းနေလျှင် တစ်သက်လုံးစားရမည့် ငုံး၊ သူ ဒီတစ်ခါ ဝင်လိုက်မှ အားလုံးထွက်ပြေးသွားပြီး တစ်သက်လုံး ငုံးသား ငတ်နေရပေလိမ့်မည်။

သူ့စိတ်ထဲ ချီတုံချတုံဖြစ်နေမိသည် ။ နောက်မှ သတ္တိမွေးပြီး

"ဟယ် ဒီတစ်ခါဝင်ရုံနဲ့ တော့ ငုံးတစ်အုပ်လုံး မကုန်သွားလောက်ပါဘူး၊ ဘာပဲဖြစ်ဖြစ် ခဏတော့ ဝင်ကြည့်မှ ပဲ"

ဟု စိတ်ပိုင်းဖြတ်ကာ ကုန်းကုန်းကုန်းကုန်းနှင့် ချုံကလေးနား ကုပ်ချောင်းချောင်း ပြေးသွားလိုက်သည် ။ နောက် လူရိပ်လူခြည်ကို အကဲခတ်ရသေး၏။ အသက်ကြီးမှ ချုံထဲဝင်သည် ကို လူမြင်မှာ လည်း စိုးသေးတာကိုး။ နောက်ပြီး ဒေါ်မာကြီးရန်ကလည်း ရှိသေး။ သူချုံထဲ ဝင်သွားတာ မြင်လျှင် ဒေါ်မာကြီးပါ ပြေးဝင်လာလျှင် အခက်။ ဒီတစ်ခါဝင်မိလျှင်တော့ လက်ဖွေ့ရာလေး လောက်တော့ ထင်အောင်လုပ်ပေလိမ့်မည်။

ထို့ကြောင့် လူရိပ်လူခြည်ကလည်း အကဲခတ်ရသေးသည် ။

မည်သည့်အရိပ်အယောင်မှ မမြင်၍ ချုံထဲ ဖတ်ခနဲ တိုးဝင်လိုက်သည် ။

*

"ဟင်"

ချုံတွင်းအခြေအနေကိုမြင်တော့ ဦးဘမေး အကြီးအကျယ် အံ့အားသင့်သွားသည် ။

"ငုံးမင်းများ လာအိပ်တာလား"

သူ့စိတ်ထဲ ဇဝေဇဝါ ဖြစ်သွားသည် ။ မဖြစ်ခံနိုင်ရိုးလား။ ချုံကလေး

အတွင်းပိုင်းက သန့်ရှင်းသပ်ရပ်ပြီး ဖျာတစ်ချပ်ပင် ခင်းထားသေး၏။ ခေါင်းရင်းမှာ က ခေါင်းအုံးနှစ်လုံး။ နံဘေးမှာ က ခုံပုလေးတစ်လုံးနှင့် ရေသန့်ဘူး။ နေကြာစေ့ထုပ်က ခုံအောက်မှာ ။

အပေါ်မော့ကြည့်တော့ ဓာတ်မီးသုံးလုံး ဇောက်ထိုးဆွဲထားသေး၏။ ဖွင့်လိုက်တော့ ဒစ်စကိုလိုက် (တ်) သဖွယ် လင်းတစ်ခါ မှိန်တစ်လှည့်။ နိုက်ကလပ် ရောက်သွားသလို။

ခြေရင်းမှာ က မှန်တစ်ချပ်နှင့်ကျောက်ပျဉ်။ မှန်ရှေ့မှာ မှ ဟိုချောင်း ဒီချောင်းလုပ်နိုင်ရန် မှန်ပြောင်းတစ်လက်။ မှန်ပြောင်းကိုယူ၍ ချောင်းကြည့်သည် ။ တစ်ရပ်ကွက်လုံး အထင်းသား။

ချုံတွင်းအခြေအနေကိုကြည့်၍ ဦးဘမေ့း သဘောပေါက်သွားသည် ။ စိတ်ထဲမှာ လည်း ပျော့ကျသွား၏။

“ဒင်းတို့ ငုံးဖမ်းတာ ဒီလိုကိုး”

ထို့ကြောင့် ချုံထဲမှ ပြန်တိုးထွက်ပြီး အာခေါင်ခြစ်အော်လိုက်သည် ။

“ဆလူး”

ပြန်ထူးသံမကြားရ။

“ဆလူး”

မည်သို့မျှ မတုံ့ပြန်။ ဒေါသတကြီးနှင့် အိမ်ဆီပြန်ပြေးလိုက်သည် ။

“ဆလူး”

ညေ့ခန်းထဲတွင် လည်း မရှိ။

“ဆလူး”

မီးဖိုမှာ လည်း မရှိ။

"ဆလူး"

သူ့အိပ်ခန်းကို ဒုန်းခနဲ တွန်းဖွင့်လိုက်သည် ။

"ဟာ"

ဆလူးကို မတွေ့ရတော့။

ဆလူး၏ အိပ်ရာခေါင်းရင်း ခေါင်းအုံးတွင် တင်ထားသော စာလေး တစ်စောင်။ ဦးဘမှေး ကမန်းကတန်း စာလေးကို ဆွဲယူဖတ်လိုက်တော့

**ဖေမှေး**

သမီး ရိုသေစွာ စာရေးထားခဲ့ပါတယ်။

သမီး ငုံးခြံပိုင်ရှင် ကိုမောင်ကူးနဲ့ လိုက်သွားပြီ။

တာ့တာ၊

ပြန်လာမှ ပဲ ငုံးတွေကြော်ကျွေးတော့မယ်။

ဆလူး

ဦးဘမှေး ဘိုင်းခနဲ ပက်လက်လန်ကျသွားသည် ။

ထိုတော့မှ ငုံးခြံပိုင်ရှင်မို့ တစ်နေ့ကို ငုံးတစ်ကောင် တစ်ကောင် ဖမ်း ဖမ်းလာပေးမှန်းသိတော့၏။

*